ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့ (8-3-2013) (၇၄၁၈)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မြန်မာနိုင်ငံ၌ ဖော်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၆ ရက် နံနက်ပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှလေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အီတလီနိုင်ငံ ရောမမြို့သို့ရောက်ရှိသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ရောမမြို့ရှိသမ္မတနန်းတော်(Quieinale Palace)သို့သွားရောက်၍ အီတလီနိုင်ငံသမ္မတ H.E.Mr. Giorgeo Napolitano အားတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား အီတလီနိုင်ငံသမ္မတက အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထိုသို့တည်ခင်းဧည့်ခံစဉ် နှစ်နိုင်ငံသမ္မတတို့သည် မြန်မာနိုင်ငံ၌ဖော်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လူ့အခွင့်အရေးမြှင့်တင်ရန် ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်နေမှု၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့်အခြားကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် အသေးစားငွေကြေးလုပ်ငန်းများတွင် အကူအညီရရှိရေး၊ တပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။**(ဓဝပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတက အီတလီနိုင်ငံသမ္မတအား မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ပါရန် ဖိတ်ကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် ညနေ ၃ နာရီတွင် အီတလီနိုင်ငံဝန်ကြီးချုပ်ရုံး (Chigi Palace) သို့ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ဂုဏ်ပြုကြိုဆိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အီတလီနိုင်ငံဝန်ကြီးချုပ် H.E. Prof. Mario Monti တို့သည် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

စာမျက်နှာ - ၉

သံတွဲဒွါရာဝတီဈေးသစ် ဖွင့်တော့မည်

သံတွဲ မတ် ၇

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလက မီးလောင်ပျက်စီးခဲ့သော သံတွဲမြို့ ဒွါရာဝတီဈေးအတွက် ဈေးသစ်တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ဈေးသူဈေးသားများအနေဖြင့် မတ် ၃၁ ရက်တွင် ဈေးသစ်၌ စတင်ရောင်းချနိုင်မည်ဖြစ်သော်လည်း ဈေးရောင်းကောင်းသော သင်္ကြန်မတိုင်မီကာလတွင် အပြောင်းအရွှေ့မလုပ်လိုပါက သင်္ကြန်လွန်မှသာ ပြောင်းရွှေ့ရောင်းချနိုင်ကြောင်း ဈေးသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ ဒု-ဥက္ကဋ္ဌ ဦးစိုးသိန်းက ပြောသည်။

ယခင် ဈေးတွင် ဆိုင်ခန်းပေါင်း ၉၀၉ ခန်းရှိခဲ့ပြီး ယခု ဈေးသစ်တွင် နှစ်ထပ်ဈေးရုံနှစ်ရုံအပါအဝင် ဈေးရုံပေါင်း ၃၃ ရုံနှင့် ဆိုင်ခန်း ၁၀၀၆ ခန်းပါဝင်မည်ဖြစ်သည်။ ထို့ပြင် မီးသတ်ကားများ အလွယ်တကူဝင်နိုင်ရန် ၁၅ ပေအကျယ် လမ်းမကြီးနှစ်ခု၊ မြေအောက်ရေလှောင်ကန်နှင့် ရေစင်များပါဝင်မည် ဖြစ်ကြောင်း သိရသည်။ **(ပိုင်စိုး)**

ဂျူဗင်တပ်နှင့် ပီအက်စ်ဂျီ ချန်ပီယံလိဂ်ကွာတား တက်ပြီ

နိုင်လင်းကြည်

ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ရှုံး/ထွက်ပွဲစဉ်များကို မတ် ၇ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ကွင်းကိုယ်စီယှဉ်ပြိုင်ခဲ့ရသော ဂျူဗင်တပ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ နှစ်ကျော့ပေါင်းရလဒ်များဖြင့် နိုင်ပွဲရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ပြီဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် စကော့တလန်ကလပ်ဆဲလ်တစ်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားခဲ့ပြီး မက်ထရီနှင့် ကာဂလီယာရီလာတို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဆဲလ်တစ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဆဲလ်တစ်အသင်းသည် စကော့တလန်မြေတွင် အောင်မြင်မှုရရှိနေသော အသင်းဖြစ်သော်လည်း စီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်း၏ အသင်းလိုက်ကစားပုံကောင်းမွန်မှုကို ယှဉ်ပြိုင်နိုင်စွမ်းမရှိခဲ့ဘဲ ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ပထမအကျော့တွင်လည်း သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားခဲ့ပြီး အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းက နှစ်ကျော့ပေါင်းရလဒ် **စာမျက်နှာ ၉ ကော်လံ ၆ သို့**

ကြေးမုံစာတည်းရှုထောင့် ၈-၃-၂၀၁၂ (ကြာသပတေးနေ့)

ပြည်သူကို အလေးထား

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုအတွက် ကနဦးလိုအပ်ချက်ဖြစ်ပါသည်။ ရပ်ရွာအေးချမ်းသာယာမှ၊ တရားဥပဒေစိုးမိုးမှ ထိုဒေသ၊ ထိုနိုင်ငံမှာ အေးချမ်းသာယာပြီး ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာဖြင့် နေထိုင်နိုင်မည်၊ ကောင်းမွန်စွာ အသက်မွေးဝမ်းကျောင်း ပြုနိုင်မည်၊ လူမှုဘဝများ ကောင်းမွန်လှပမည်ဖြစ်သည်။

အဘက်ဘက်မှယိုယွင်းခဲ့ရသည့် ကျွန်ုပ်တို့နိုင်ငံကို ပြန်လည်တည်ဆောက်ခဲ့ရသည့် သမိုင်းကြောင်းကိုပြန်ကြည့်ပါက ဦးစွာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပြန်လည်တည်ဆောက်ကြပြီးပြီးမှ လူမှုဘဝလိုအပ်ချက်ကိစ္စအဝဝတို့ကို ဆောင်ရွက်ကာ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါသည်။

လက်ရှိအချိန်အခါတွင် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ထိုက်သင့်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရရှိနေပြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ရရှိနိုင်အောင်လည်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစွာတည်ဆောက်ထားနိုင်သောကြောင့်ဖြစ်သည်။

ယနေ့ကာလတွင် ခေတ်စနစ်နှင့်အညီ ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နေရာ၌ အချို့နေရာများတွင် အလွန်အကျွံ လွတ်လပ်မှု၊ အလွန်အကျွံပွင့်လင်းမှုများကြောင့် မဖြစ်သင့်မဖြစ်ထိုက်သော ဖြစ်ရပ်များ၊ မမြင်သင့်မကြားအပ်သောဖြစ်စဉ်များ ဖြစ်ပွားလာသည်ကို တွေ့ရပါသည်။

လွတ်လပ်ပွင့်လင်းမှုကို ကြိုဆိုပါသည်။ သို့သော် စည်းလွတ်ဝါးလွတ်လွတ်လပ်ပွင့်လင်းမှု၊ လုပ်ချင်ရာလုပ်လိုမှုတို့ မရှိဖို့တော့လိုမည်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံများတွင် အများပြည်သူတို့ လွတ်လပ်စွာနေထိုင်လှုပ်ရှားမှုများကို ခွင့်ပြုပေးထားသော်လည်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် အသားလွတ်လှုပ်ရှားမှုကို ကာကွယ်စောင့်ရှောက်မှုပေးကြ သည်ကို တွေ့ရမည်ဖြစ်ပါသည်။

အထူးသဖြင့် အေးချမ်းသာယာမှုနှင့် လူမှုဘဝလုံခြုံရေးကို ထိခိုက်ဖျက်ဆီးတတ်သော ဒုစရိုက်မှု၊ အနိုင်အထက်ပြုကျင့်မှုတို့ ပေါ်ပေါက်မလာအောင် အကာအကွယ်ပေးခြင်းသည် အားလုံးတွင်တာဝန်ရှိသကဲ့သို့ အဓိကအားဖြင့် သက်ဆိုင်ရာလုံခြုံရေးဆိုင်ရာတို့တွင် အထူးတာဝန်ရှိပါသည်။

ပြည်သူ့ဘဝကို လုံခြုံမှုမပေးနိုင်ခြင်းသည် ပြည်သူကို မျက်ကွယ်ပြုသကဲ့သို့ ဖြစ်တတ်သဖြင့် အထူးသတိထားရမည့်ကိစ္စဖြစ်ပေသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မည်သည့်အချိန်အခါတွင်မဆို ထာဝစဉ်အကာအကွယ်ပေးရမည်သာဖြစ်သည်။

များမကြာမီကာလက ရန်ကုန်မြို့တွင် ပြောင်ကျကျ အုပ်စုဖွဲ့ရမ်းကားမှု၊ အနိုင်ကျင့်ဗိုလ်ကျမှုများ ဖြစ်ပွားခဲ့ရာ သက်ဆိုင်ရာတို့က အထူးကြပ်မတ်ထိန်းကျောင်းပေးသည်ကို ကြားသိရ၍ ပြည်သူများ စိတ်နှလုံးချမ်းမြေ့ကျေနပ်နှစ်သက်ကြပေလိမ့်မည်။ သို့သော် ပြောင်ကျကျ အနိုင်အထက်ပြုကျင့်မှု၊ မဖွယ်မရာပြုလုပ်မှုများ ဆက်လက်ရှိနေခြင်းကို ဝိုင်းဝန်းတားဆီးကာကွယ်သွားကြရမည်ဖြစ်သည်။

ယခုရက်ပိုင်းတွင် ပြောင်ကျကျအုပ်စုဖွဲ့ရမ်းကားမှုအချို့ ပြန်လည်ခေါင်းထောင်လာရာ အများပြည်သူ စိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်ရေးနှင့် အများသူငါ စိုးရိမ်ထိတ်လန့်မှုမရှိဘဲ အချိန်အခါ၊ နေရာမရွေးသွားလာမှုပြုနိုင်ရေးအတွက် အထူးကြပ်မတ်၍ ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။

ပြည်သူတို့၏ ယုံကြည်ကိုးစား အားထားထိုက်သော၊ ပြည်သူကို အကာအကွယ်ပေးပြီး ဒုစရိုက်မှုများ၊ မတရားမှုများကို တားဆီးပေးနိုင်သော ပြည်သူ့ဘက်က မားမားမတ်မတ်ရပ်တည်၍ တာဝန်သိသိ၊ သစ္စာရှိရှိ စွမ်းဆောင်ပေးနိုင်မည့်သူများအား ပြည်သူများက မျှော်လင့်ယုံစားကြမည်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူကိုဗဟိုပြု၍ ပြည်သူ့ဝန်ဆောင်မှုကို ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်နေသော ယနေ့အချိန်ကာလတွင် ပြည်သူများစိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေးအတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အလေးထားဆောင်ရွက်သင့်ပါကြောင်း။ ။

မြန်မာနိုင်ငံလွှတ်တော်များနှင့် အမေရိကန်ပြည်ထောင်စုကွန်ဂရက်တို့အကြား ရင်းနှီးစွာဆက်သွယ်၍ အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၇

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးအား United States Agency for International Development (USAID) မှ Assistant Administrator, Mr. Gregory A.Beck ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အဆောင်အမှတ်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီ၏ အစီအစဉ်ဖြင့် လွှတ်တော်များသို့ ကူညီပံ့ပိုးပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံလွှတ်တော်များနှင့် အမေရိကန်ပြည်ထောင်စု ကွန်ဂရက်တို့အကြား ရင်းနှီးစွာဆက်သွယ်၍ အတွေ့အကြုံများ ဖလှယ်ရေးကိစ္စရပ်များ၊ National Democratic Institute အစီအစဉ်ဖြင့် နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲများကျင်းပရေး၊ အပြန်အလှန်လေ့လာရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့တွင် ဓာတ်အားစနစ် ကောင်းမွန်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးညွှန့်ဝင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ထွန်းတို့ ကြီးကြပ်၍ 11 KV ဓာတ်အားလိုင်းတွင် ဆွေးမြည့်သစ်သားတန်းများအား သံလက်တန်းဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်က ဆောင်ရွက်နေစဉ်။ (ဝေယံလင်း - မိုင်းဆတ်)

ဇီးလွန်အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၇

နိုင်ငံတော်မှ ငွေကျပ်သိန်း ၄၈၀ နှင့် ပြည်သူမှ ငွေကျပ်သိန်း ၂၈၀ အကုန်အကျခံကာ ဆောက်လုပ်ပြီးစီးခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဇီးလွန် အခြေခံပညာအထက်တန်းကျောင်း၏ (စွယ်တော်ဆောင်) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်ပညာရေး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အေးနှင့် မိဘဆရာအသင်းဥက္ကဋ္ဌ ဦးဇော်မိုးနော်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ် သိန်း ၂၀ လှူဒါန်းသော ဦးမရှန်ဒိန်ယိန်း၊ ငွေကျပ် ၁၀ သိန်းလှူဒါန်းသော ဦးအောင်တူး၊ ငွေကျပ် လေးသိန်းလှူဒါန်းသော ဦးဆေးဗဟာဒူး၊ ငွေကျပ် သုံးသိန်းစီလှူဒါန်းကြသော ဦးဆိုင်းခွမ်နှင့် ဦးယော်ယိန်း မိသားစုတို့အား တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တွင် မီးလောင်မှု ၂၅ ကြိမ်ဖြစ်ပွားရာ ပေါ့ဆမီးအများဆုံးဖြစ်

ရန်ကုန် မတ် ၇

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတစ်လတာအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် မီးလောင်မှု ၂၅ ကြိမ်ဖြစ်ကာ ယင်းအနက် ပေါ့ဆမီးက ၁၄ ကြိမ်ဖြင့် အများဆုံးဖြစ်နေကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုများကြောင့် အိမ်ခြေ၊ အဆောက်အအုံ ၃၆ လုံး၊ စက်ရုံ၊ အလုပ်ရုံတစ်ရုံတို့ လောင်ကျွမ်းဆုံးရှုံးခဲ့ကာ လေးဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိပြီး မီးဘေးဒုက္ခသည် ၇၂၅ ဦးရှိခဲ့ကာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၈၆၅၅၆၅၀၀ ရှိခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုများတွင် မြို့နယ်အလိုက် လောင်ကျွမ်းမှုများ၌ အင်းစိန်မြို့နယ်တွင် မီးဖိုမီးတစ်ကြိမ်၊ ပေါ့ဆမီးလေးကြိမ်၊ လျှပ်စစ်မှလောင်သောမီး နှစ်ကြိမ်တို့အပါအဝင် စုစုပေါင်းခုနစ်ကြိမ်ဖြင့် မီးအများဆုံးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တာမွေမြို့နယ်တွင် လေးကြိမ်၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ လှိုင်သာယာမြို့နယ်တွင် သုံးကြိမ်စီ၊ ကျောက်တံတားမြို့နယ်တွင် နှစ်ကြိမ်၊ စမ်းချောင်းမြို့နယ်၊ သာကေတမြို့နယ်၊ လှိုင်မြို့နယ်တို့တွင် တစ်ကြိမ်စီ လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ထက်ခိုင် (စမ်းချောင်း)

ပြည်တွင်းရေးရာ

❒ **ရှေ့ဖုံးမှ**

နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပပြီး မြန်မာနိုင်ငံ၏ ပြုပြောင်းလဲရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေး တည်ဆောက်နေမှု၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အခြေအနေများ၊ မြန်မာနိုင်ငံတွင် အီတလီနိုင်ငံမှ ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နှစ်နိုင်ငံ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲကိုကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အီတလီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Giulio Maria Terzi di Sant' Agata တို့က နှစ်နိုင်ငံအကြား Agreement on the Treatment (Cancellation and Rescheduling) of the Debt သဘောတူညီချက်နှင့် Agreement on Debt-for-Development Swap သဘောတူညီချက်တို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲနှစ်ခုစလုံး၌ အီတလီနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့က မြန်မာနိုင်ငံတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သည့် အစိုးရသစ် လက်ထက်၌ ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် အီတလီနိုင်ငံက ပိုမိုကူညီပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို အပြီးအပိုင်ဖျက်သိမ်းရေးနှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားပို့ကုန်လုပ်ငန်းရှင်များအား GSPကုန်သွယ်မှုအထူးအခွင့်အရေးများ ပေးအပ်ရေးတို့အပေါ် အီတလီနိုင်ငံကထောက်ခံကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ ဥရောပသမဂ္ဂက ပြန်လည်သုံးသပ်ချိန်တွင် အပြုသဘောဆောင်သည့် ရလဒ်များထွက်ပေါ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှစ်နိုင်ငံ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် ရောမမြို့ရှိ သမိုင်းဝင်နေရာများဖြစ်သည့် အာဇာနည်ဗိမာန်(Vittorio Emanuele II Monument)၊ တိုက်ပွဲကွင်း(Colosseum)နှင့် ဗာတီကန်စီးတီး(Vatican City) စသည်တို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

ညပိုင်းတွင် အီတလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင့်ဆွေ၏နေအိမ်သို့ သွားရောက်၍ သံအမတ်ကြီးနှင့် သံရုံးမိသားစုများအား တွေ့ဆုံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၃-၂၀၁၃ (သောကြာနေ့)

၇း၀၀ ပရိတ်တရားတော်
၄း၂၅ "အလင်းတံခါးဖွင့်လှစ်လွှမ်းခြုံနေမှာ ရေအားလျှပ်စစ်စက်ရုံရဲ့ရွှာ"
၄း၃၅ နှောင်းခေတ်တေးပဒေသာ
၄း၄၀ ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၅း၀၅ မြန်မာစာ၊ မြန်မာစကား
၅း၂၅ အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း - ၄၈)
၆း၂၀ "ချစ်သောဤကမ္ဘာမြေ"
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (ဒုတိယတွဲ) (အပိုင်း- ၁၉)
၈း၀၀ ပြည်တွင်းသတင်း
-"အမျိုးသားဂုဏ်ရည်ထင်ပေါ် ကမ္ဘောဇသာဒိနန်းတော်"
-ပြန်လည်ခံစားအနုပညာရပ်များ "မုန်းလို့ဟုတ်ဘူး" (ချမ်းသာ၊ အောင်သန်းတင်၊ လှလှသန်း၊ တိမ်ညွှန့်) (ဒါရိုက်တာ- ဦးသစ္စာ)
-"အရှုံးအနိုင်" (သတ္တိ၊ မိုးဒီ၊ ကြည်လဲ့လဲ့ဦး၊ နွဲ့နွဲ့စန်း)(ဒါရိုက်တာ-သက်တင်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရောမမြို့ရှိ သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် တိုက်ပွဲကွင်း (Colosseum)ကို လှည့်လည် ကြည့်ရှုစဉ်။
(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဥ္စမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်
ဈေးပွဲတော် ၊ ကုန်စည်ပြပွဲ
(၁၈-၃-၂၀၁၃) မှ (၂၇-၃-၂၀၁၃) ထိ
ဥပ္ပါတသန္တိစေတီတော် ပွဲတော်ကျင်းပရာကွင်း။ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ပြခန်းစုံစမ်းရန်
01-398515, 09 7310 0807, 09 4210 13316, 09 4210 13317, 09 4210 13318, 09 49300702, 09 4210 13319, 09 4211 52877, 09 4211 22478

မှန် ဒေါက်တာ နှင့် ကိုဘသောင်း
www.MhanDoctor.com
ဖုန်း - 09-4211 51119, 09-4500 54449 www.MhanDoctor.com

ပြည်တွင်းရေးရာ

ဒီမိုကရေစီအစစ်အမှန်သည် ရွေးကောက်ပွဲကို အခြေခံ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရန် ယခုအချိန်မှ စတင်ဆောင်ရွက်

နေပြည်တော် မတ် ၇

မိမိတို့ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၃၇) နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် (၆)နယ်နှင့် တိုင်းဒေသကြီးမဲဆန္ဒနယ် (၂)နယ်တို့၌ ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ ကြားဖြတ်ရွေးကောက်ပွဲမှ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု (အပြန်အလှန်တရားစွဲဆိုမှု) ရှစ်မှုကို ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့ပြီး ဆုံးဖြတ်ချက်များ ချမှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တာဝန်မပေးအပ်မီ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ (၃၇)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ယခု မိမိတို့ကော်မရှင်က နိုင်ငံရေးပါတီ (၁၈)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ယခုဆိုပါက မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ(၅၅)ပါတီ ရှိလာပြီဖြစ်ကြောင်း။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် အဓိကကျသည့် နိုင်ငံရေးအင်အားစုများဖြစ်ကြကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူများနှင့် ထိစပ်နေပြီး ပြည်သူတို့နှင့် သက်ဆိုင်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာကိစ္စများတွင် ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်း၊ သဘောထားရပ်တည်ချက် ထုတ်ဖော်ပြောကြားခြင်းတို့ ဆောင်ရွက်ကြရကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေတို့ကို ချိုးဖောက်ခြင်းများမပြုမိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့အပြင် ပြည်ထောင်စုရွေးကော်ပွဲကော်မရှင် ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာ၌ ယနေ့ကျင်းပသည့် အစည်းအဝေးတွင် မိမိတင်ပြလိုသည့် အဓိကအချက်မှာ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင်ပါဝင်သော လွှတ်တော်ရွေးကောက်ပွဲကျင်းပခြင်းကိစ္စပင်ဖြစ်ပါကြောင်း၊ မိမိတို့သည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲကို လည်းကောင်း၊ အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ သို့သော် အဆိုပါရွေးကောက်ပွဲများတွင် ပြုစုအသုံးပြုခဲ့သည့် မဲစာရင်းများကို ပြည့်စုံမှန်ကန်သည့် မဲစာရင်းအဖြစ် မဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီအစစ်အမှန်သည် ရွေးကောက်ပွဲကို အခြေခံကြောင်း၊ ဒီမိုကရေစီစနစ်၏ အခြေခံသည် ရွေးကောက်ပွဲဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိရန် လိုအပ်ကြောင်း၊ ယခုအချိန်မှ စတင်၍ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းပြုစုသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကော်မရှင်အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများကို ပြန်လည်သုံးသပ်ကာ အားနည်းချက်များကို ပြုပြင်၍ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အားနည်းချက် နည်းနိုင်သမျှနည်းအောင်၊ ဖြစ်နိုင်ပါက အားနည်းချက်မရှိအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ယခုအခါ အချို့နိုင်ငံများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် အဓိကကျသော မဲစာရင်းကိစ္စနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ခေတ်မီကွန်ပျူတာများဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယင်းသို့ဆောင်ရွက်မှုမျိုး ပြုလုပ်ပါက ဖြစ်နိုင်သော်လည်း နည်းပညာအကူအညီနှင့် နိုင်ငံခြားငွေများစွာ ကျခံသုံးစွဲရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မှန်ကန်ပြည့်စုံသော မဲစာရင်းရရှိနိုင်စေရန် မဲစာရင်းကောက်ယူရေးလုပ်ငန်းများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများက ဝိုင်းဝန်းကြပ်မတ်ကြီးကြပ်ပေးရန် မှာကြားလိုကြောင်း၊ မိမိတို့ ကော်မရှင်အနေဖြင့်လည်း ယခုကဲ့သို့ မှန်ကန်ပြည့်စုံသည့် မဲစာရင်းရရှိစေရန် ဆောင်ရွက်သည့် နည်းတူ ဆန္ဒမဲပေးသူများအတွက် မဲပေးခြင်းဆိုင်ရာ အသိပညာပေးမှုလုပ်ငန်း၊ မဲရုံမှူး/မဲရုံအဖွဲ့ဝင် သင်တန်းများစသည်ဖြင့် ရှေ့လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူအသီးသီးတို့က မိမိတို့နယ်မြေဒေသအလိုက် လုပ်ငန်းဆောင်ရွက်ရမှုအခြေအနေများနှင့် တွေ့ကြုံရင်ဆိုင်ရသည့်အခက်အခဲများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် မှတ်တမ်းတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ၂၀၁၅ ခုနှစ် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးပေါ်ပေါက်လာစေရန်အတွက် အားလုံးဝိုင်းဝန်း၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မည်သို့သော အခက်အခဲများပင်ရှိရှိ အောင်မြင်အောင် စွမ်းဆောင်ကြိုးပမ်းကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ အရာရာကို တရားဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တင်ပြချက်များနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များဖြစ်သော ငွေကြေး၊ အသုံးအဆောင်နှင့် နည်းပညာ၊ အတတ်ပညာပိုင်းများတွင် တတ်နိုင်သမျှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အလေးအနက်ထားမှာကြားပြီး ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းဆွေးနွေးမှာကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

NATURAL BREEZE Travels & Tours
" Breeze Brings the Remembrance of Your Life......"
ကိုရီးယား April 14 ၈ည ၉ရက်
ဟောင်ကောင် - တရုတ်ပြည်
April 11
April 12-13
April 13-14
April 21 ရှမ်းနိုင်
01 500734,09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

FULLY LIGHT Travels & Tours Co., Ltd
သင်္ကြန် အထူးခရီးစဉ်များ
ကိုရီးယားခရီးစဉ် 12-19.April.2013
ရုရှားခရီးစဉ် 13-21.April.2013
ဟောင်ကောင်ခရီးစဉ် 12-19.April.2013
တရုတ်ပြည်ခရီးစဉ် (၁) 11-18.April.2013
တရုတ်ပြည်ခရီးစဉ် (၂) 13-23.April.2013
ဂျပန်ခရီးစဉ် 14-21.April.2013
01-503815 01-516932 01-516964 01-516985

မသိသူကျော်သွား သိသူဖော်စား ကာနေဒါခရီးစဉ်များ
➢ စီးပွားရေးလေ့လာရေးခရီးစဉ် ...... (၇)ည (၈)ရက်
➢ ပညာရေးလေ့လာရေးခရီးစဉ် ...... (၂၈) ရက်
ကာနေဒါနိုင်ငံခရီးစဉ်ဆောင်ရွက်ပေးနိုင်သော မြန်မာပြည်ရှိ
တစ်ခုတည်းသော ကာနေဒါမှတရားဝင်လိုင်စင်ရကုမ္ပဏီ
Great Bamar Travels & Tours Co,Ltd.
Legal Representative of Goldtop 21 International Co,Ltd (Canada)
No(104/112), 2nd Floor, Anawrahta Rd, Corner37th, Kyauktada Tsp. Yangon. Tel: 01-389628, 09-450029517, Web:www.goldtop21.com

ပြည်တွင်းရေးရာ

မုံရွာနှင့် ရွှေဘိုခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မတ် ၂ ရက် နံနက်ပိုင်းတွင် မုံရွာခရိုင် ဘုတလင်မြို့နယ် ဘုတလင်-မောင်းထောင်လမ်း ကတ္တရာခင်းကျင်းနေမှုနှင့် သခွတ္တနယ် ကျေးရွာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပျဉ်တောကျေးရွာ၊ တပုန်းကျေးရွာဒေသခံပြည်သူများနှင့်လည်းကောင်း၊ ဝင်မနားကျေးရွာ အထက်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့်လည်းကောင်း တွေ့ဆုံပြီး ဝင်မနား-တောင်ပြင် မြေသားလမ်းဖောက်လုပ်ရေး ရှင်းလင်းဆောင်၌ ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ လမ်းဖောက်လုပ်နေမှုလုပ်ငန်းအတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒီပဲယင်းမြို့နယ် ကိုးပင်စည်ကျေးရွာနှင့် လိပ်သဲကျေးရွာ၊ ရေဦးမြို့နယ် စန်းအိုင်ကျေးရွာနှင့် တောင်ပြင်ကျေးရွာတို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

မတ် ၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အလယ်ရပ်ကွက် မိုးကောင်းဘုရား၌ ကျင်းပသည့် အလှူရှင် ဦးကိုကိုနိုင်၊ ဒေါ်သန်းကြည်တို့၏ နဂါးစတားဗိမာန်တော် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး မဟာဇောတိကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒ အမှူးပြုသည့် သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာ တက္ကသိုလ် စာသင်ဆောင်၊ အရှည် ၁၉၂ ပေနှင့် အနံ ၃၈ ပေရှိ သုံးထပ်ကျောင်းဆောင် ခြောက်ဆောင် ဆောက်လုပ်နေမှုနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ မီးသတ်ယာဉ်များ ကွံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ် ၄ ရက် နံနက်ပိုင်းတွင် ဒီပဲယင်းမြို့ ပြည်သူ့ဆေးရုံ၌ကျင်းပသည့် စိန်ကြည်မိသားစုက လှူဒါန်းသော ငါးခန်းတွဲလူနာဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ မင်္ဂလာအချိန်တွင် ပန္နက်တင်ကာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒီပဲယင်းမြို့ စိန်ကြည်မေ့စာကြည့်တိုက် ဖွင့်ပွဲသို့ တက်ရောက်၍ စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်အတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် အလှူရှင် ဦးစိန်လှိုင်က SKY NET ရုပ်သံဖမ်းစက်တစ်စုံ၊ ဂျာနယ်၊ စာစောင်များကို ထောက်ပံ့ပေးအပ်ကြကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် မရကန်မြောင်းခွဲရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးပြီး လက်ယက္ကုံးကျေးရွာ၊ မူးခံတွင်းကျေးရွာ၊ ညောင်လှကျေးရွာနှင့် သရက်ကန်ကျေးရွာတို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ မူးကမ်းကြီး ဖုဋ္ဌောလမ်း ကျောက်ချောလမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မူးကမ်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အင်ကြင်းကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးလှသိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဦးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးစံထွန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အင်ကြင်းကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် မူးကမ်းကြီး တိုက်နယ်ဆေးရုံနှင့် မူးကမ်းကြီး-ရေကြည်ဝ မူးမြစ်ကူးတံတား(ရန်ကြီးအောင်) တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၃-၂၀၁၃ (သောကြာနေ့)

၅:၄၀ "သိကြားမင်းကရှိခိုးရသူများ" တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် [ဘဝပင်လယ် (အခမဲ့ကရုဏာဆေးခန်းဖွင့်ပွဲအခမ်းအနား)]
၈:၄၅ သုံးပါးရတနာလင်းရောင်ဖြာ. . နှစ်ပေါင်း (၅၀၀)တည်တော်ရာ မြို့မြစ်သား၏ဂုဏ်ယူဖွယ်ရာ
၉:၄၀ မော်ကျွန်းကမ္ဘည်းသစ်တင် မော်လမြိုင်တောင်ပိုင်း ဘိုးဘွားရိပ်သာ၏ရွှေရတုသဘင်
၉:၅၅ ရန်ကုန်မြင်ကွင်းကျယ် [အထက(၂) ဒဂုံမြို့မ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနား]
၁၀:၀၀ ခေတ်သစ်ပျိုမေ
၁၀:၄၅ Food & De,cor
၃:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း - ၁၂၂)
၃:၄၀ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ
၄:၅၀ ဂီတသရုပ်ပြခန်း (ထူးထက်ဝေ)
၅:၁၀ Minute to Win It
၆:၀၀ MRTV-4သတင်း
၆:၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း - ၁၂၃)
၈:၁၅ For Tunes Lyrics Contest
၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း - ၄၂)
၉:၂၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်"(အပိုင်း - ၃၈)
၉:၅၅ Movie Talk [အေဝမ်း မောင်တင်ယု လွမ်းဆွတ်ဂုဏ်ပြုအစီအစဉ်] (အပိုင်း-၃)
၁၀:၃၅ World of Knowledge (Inside 9-11 The War Continues)
၁၁:၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
၁၁:၄၀ တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သရိုးရာအလှ

အင်းလေးကန်ရေလယ်ဗိုလ်တဲ ထိန်းသိမ်းစောင့်ရှောက်စေချင်

တောင်ကြီး မတ် ၇

အင်းလေးကန်အတွင်း ညောင်ရွှေမြို့မှ ခြောက်မိုင်ခန့်အကွာတွင် တည်ရှိသည့် အင်းလေးကန်ရေလယ် ဧည့်ရိပ်သာဒေသခေါ် "အင်းလေးဗိုလ်တဲ"အား လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ခန့် ၁၈၈၀ ပြည့်လွန်နှစ်များတွင် အင်္ဂလိပ်တပ်များ မိုင်းသောက်တွင် ရှေးဦးစွာ အခြေပြုစခန်းချစဉ်ကာလအတွင်း အရာရှိများအပန်းဖြေအနားယူရန်အတွက် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ ဒေသခံများက "ဗိုလ်တဲ"ဟု ခေါ်ခဲ့ကြကြောင်းနှင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကာလတွင် ရှမ်းပြည်နယ်အစိုးရနှင့် စော်ဘွားများရုံးက လည်းကောင်း၊ ၁၉၇၄ ခုနှစ်နောက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်းကောင်း အသီးသီး တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး အကြီးစားပြင်ဆင်မှု တစ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်ထိ တည်တံ့လျက်ရှိသည်။

ရေလယ်ဧည့်ရိပ်သာသည် သဘာဝန်းကျင်ရှုခင်းများဖြစ်သည့် အရှေ့ဘက်တောင်တန်းကြီးနှင့် နေထွက်ချိန်ရှုခင်း၊ ရေပြင်အတွင်း လှုပ်ရှားသွားလာနေသည့် စက်ရှိ စက်မဲ့လှေများ၊ အင်းသားသဘာဝရိုးရာ ငါးရှာဖွေနေမှုများ၊ ညနေဆည်းဆာနှင့် အနောက်ဘက် တီကောင်တောင်တန်း အောက်သို့ နေမင်းကြီး ငုပ်လျှိုးသွားပုံများအား ကြည့်ရှုခံစားနိုင်သလို အင်းလေးဒေသသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားဧည့်သည်များ၊ သံတမန်များအား ရိုးရာလှေပြိုင်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ အင်းလေးဒေသ အထိမ်းအမှတ်ပွဲများ ပြုလုပ်ရာနေရာတစ်ခုဖြစ်သည့်အပြင် အင်းအလယ်တွင် ရုတ်တရက်မိုးသက်လေပြင်းကျ၍ ရာသီဥတုမကောင်းပါက ခိုနားရာနေရာတစ်ခုအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေသည့် အဆောက်အအုံတစ်ခုလည်း ဖြစ်သည်။

ယခုအခါ ရေလယ်ဧည့်ရိပ်သာမှာ ပြန်လည်မွမ်းမံပြင်ဆင်ထိန်းသိမ်းရန် အချိန်ကျရောက်နေပြီး အချို့တိုင်များ၊ အခင်း၊ အကာများမှာ နှစ်ပရိစ္ဆေဒကြာမြင့်မှု၊ ရာသီဥတုဒဏ်၊ ရေတိုက်စားမှုဒဏ်တို့ကြောင့် ယိုယွင်းပျက်စီးစပြုလာပြီဖြစ်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများက အချိန်မီပြုပြင်မှုသာ အင်းလေးဒေသ၏ အမှတ်အသားတစ်ခုဖြစ်သည့် အင်းလယ်ဗိုလ်တဲကြီးမှာ ခိုင်ခံ့လှပအမြင်တင့်တယ်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **နိုင်ထွန်း (TGI)**



မရွှေ့ရွှေ့အောင် ဝိုင်း၍ရွှေ့ကြပါစို့

တောသားလေး

အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ ပထမတန်း မြန်မာဖတ်စာပါ "ဇွန်ပန်းရုံအနီးနှံ့ထဲ၌ ကျွံနေသော လှည်းဘီး"နှင့် တူနေသည်။ အတိတ်ကာလမှ ဆက်ခံလာရသည့် ပြဿနာဟောင်းများ၊ ပြုပြင်ပြောင်းလဲရာတွင် တွေ့ကြုံလာရသည့် စိန်ခေါ်မှုအသစ်များစသည့် ဝန်ထုပ်ဝန်ပိုးများက လေးလံလွန်းလှသည်။ ပြိုင်တူဝိုင်း၍ အစွမ်းကုန်တွန်းကြမှသာ ရွေ့နိုင်မည့် အခြေရှိသည်။

ယနေ့အခြေအနေမှာ "ဝိုင်းပါဟေ့၊ ဝန်းပါဟေ့၊ တွန်းပါဟေ့"ဟု ညာသံပေးနေသော်လည်း လှည်းဘီးက လှုပ်လီလှုပ်လဲ့သာ ရွေ့နေသေးသည်ကို အများက အားမလို အားမရ ရှိနေကြသည်။ စင်စစ်၌ ကိုယ့်အသိစိတ်ဓာတ်ဖြင့် အားစိုက်တွန်းနေသူများလည်း ရှိပါသည်။ "လျှော့ယိမ်းလိုက်၊ အသာယိမ်းလိုက်" လုပ်နေကြသူများလည်းရှိသည်။ ကိုယ်တိုင်ဝင်တွန်းဖို့ မကြိုးစားဘဲ မရွေ့ရကောင်းလားဟု ဘေးမှထိုင်၍ အပြစ်တင်နေကြသူများလည်း ရှိသည်။ "ဘုမသိ၊ ဘမသိ" ရပ်ကြည့် ဝိုင်းအုံနေကြသူများလည်း ရှိသည်။

တွန်းသူကတွန်းသည့်တိုင် အရွေ့ခက်နေသည့် အကြောင်းများတွင် လှည်းဘီးကိုယ်တိုင်၌ ချွတ်ယွင်းအားနည်းချက်နှင့် ပတ်ဝန်းကျင်အခြေအနေ အကြောင်းတရားများလည်း ရှိနိုင်သည်။ လှည်းပုံတောင်းဝင်ရိုး၌ ကြိုးနီစနစ် သံချေး အလိမ်းလိမ်းတက်နေသောကြောင့် "ချောဆီ"ထည့်ဖို့ လိုနေသည်များလည်းရှိနိုင်သည်။ လှည်းဘီးရှေ့တွင် ကျောက်တုံးခံနေခြင်းမျိုးရှိနိုင်သလို အချို့အခြေအနေများတွင် တမင်သက်သက် မရွေ့စေလိုသောကြောင့် 'ကျမ်း' တုံးခံထားခြင်းမျိုးလည်း ရှိနိုင်ပါသည်။

လေ့လာသူအများစုက ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ အထက်အဆင့်တွင် ပြင်းပြသော နိုင်ငံရေးသန္နိဋ္ဌာန် (Strong Political Will) ရှိနေသော်လည်း အောက်ခြေလူထု၊ လူတန်းစားများအထိရောက်ရှိမလာသေးသည့် "ဆင်းသက်ရောက်ရှိမှု ပြဿနာ"(Trickle Down Problam) ရှိနေသည်ဟု ထောက်ပြကြသည်။ ထိုသို့ အောက်ခြေအထိ ရောက်မလာခြင်းမှာ မူဝါဒဆုံးဖြတ်ချမှတ်သူများအဆင့်မှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သူများအဆင့်သို့ အရောက်တွင် အထစ်အငေါ့၊ အခက်အခဲများ စတင်ပေါ်ပေါက်လာပြီး ဆက်၍ အရွေ့နှေးသွားခြင်းကြောင့် ဖြစ်ပုံရသည်။

ဤတွင် လက်တွေ့ဖော်ဆောင်နေသည့် အုပ်ချုပ်မှုယန္တရားမှ ပြည်သူ့ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံနေရသော ပြည်သူတို့အကြား၌ အဖုအထစ်နှင့် ပွတ်တိုက်မှုအားများ ရှိလာသည်။ ယင်းအတွက် အကြောင်းအမျိုးမျိုး ရှိနိုင်ပါသည်။ ပြုပြင်ပြောင်းလဲရေးဟုဆိုသော်လည်း ပြောင်းဖို့လို/ မလိုပင် ဝေခွဲမရဖြစ်နေသူများ "ယခင်အတိုင်းပဲ အလုပ်ဖြစ်နေသားနှင့်ဟု နေမြဲတိုင်းနေလိုသည့်သူများ"လည်းရှိနိုင်သည်။ ပြောင်းရမည်ကို သိသော်လည်း မပြောင်းတတ်၍ လုပ်နေကျအတိုင်းသာ လုပ်နေရသည့်"စွမ်းရည်ချို့တဲ့သူများ"လည်း ရှိနိုင်သည်။ ပြောင်းလိုက်လျှင် လက်ရှိစားသာနေသော အကျိုးစီးပွား 'ခွင်' ပျောက်ဆုံးသွားမည်စိုးသောကြောင့် "မပြောင်းချင်သူ"များလည်းရှိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ အချိန်နှင့် ဒီရေကတော့ လူကိုစောင့်ရိုးမရှိပါ။ ယခုပင်လျှင် အစိုးရသစ်သက်တမ်း နှစ်နှစ်ရှိလာပြီး သက်တမ်းတစ်ဝက် မှတ်တိုင်သို့ ချဉ်းကပ်လာပြီဖြစ်ပါသည်။ ဤအခြေအနေ၌ အရွေ့နှေးနေသည်ကို ဒီအတိုင်း ထိုင်ကြည့်နေ၍မဖြစ်တော့ပါ။

သို့ဖြင့် နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲရေး တတိယအဆင့်၌ စွမ်းဆောင်ရည်မြှင့်တင်ရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် 'ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့'ကို မကြာမီက စတင်ဖွဲ့စည်း ဆောင်ရွက်လိုက်ပါသည်။ ဤအကဲဖြတ်အဖွဲ့မှာ 'အကဲဖြတ်အဖွဲ့'ဆိုသည့်အတိုင်း မရွေ့သည်များကို ကိုယ်တိုင်ဝင်၍ တွန်းမည်တော့ မဟုတ်ပါ 'ဘာကြောင့် မရွေ့သနည်း၊ ဘယ်လို ပြုပြင်ဖန်တီးလိုက်လျှင် ရွေ့လာမည်နည်း'ဆိုသည်ကို လေ့လာအကဲဖြတ်၍ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း အကူအညီပေးမည့်အဖွဲ့သာ ဖြစ်ပါသည်။

အထူးသဖြင့်ပြည်သူများနှင့် ထိတွေ့နေရသည့် ဌာနဆိုင်ရာလုပ်ငန်းများတွင် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၏ စွမ်းဆောင်မှု (Performance) များ ပိုမိုလျင်မြန်သွက်လက်လာအောင် ဦးစားပေး လေ့လာအကဲဖြတ်သွားမည့် အဖွဲ့ ဖြစ်ပါသည်။

ဤအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခွင့်ရသည့်အတွက် အလုပ်ပိုများလာသော်လည်း ဌာနပေါင်းစုံ၏ ပြည်သူနှင့်ထိတွေ့နေသော လုပ်ငန်းဆောင်တာများကို ရှုထောင့်စုံမှ လေ့လာခွင့်ရသောကြောင့် စိတ်ဝင်စားဖွယ်ကောင်းလှသလို များစွာ အသိအမြင် တိုးပွားလာရပါသည်။

အကဲဖြတ်အဖွဲ့အနေဖြင့် အစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနအားလုံး၏ လုပ်ငန်းဆောင်တာများကို တစ်ပြိုင်တည်း ခြုံငုံလေ့လာနိုင်စွမ်းမရှိသဖြင့် လုပ်ငန်းဦးစားပေးအလိုက် နယ်ပယ်များရွေးချယ်ခဲ့ရပါသည်။ ပထမဆုံးလေ့လာခဲ့သည့် နယ်ပယ်မှာ ကုန်သွယ်မှု(ပို့ကုန်/သွင်းကုန်) ဆောင်ရွက်ရာ၌ အောင်မြင်မှုရှိအောင်မည်သို့ ဖြည့်ဆည်းဖော်ဆောင်သင့်သည်ဟူသော (Trade Facilitation) နယ်ပယ်ဖြစ်ပါသည်။

ဤနယ်ပယ်၌ လက်တွေ့ ဆောင်ရွက်နေသည့် အစိုးရဌာနများစွာရှိသည်။ စီးပွား/ကူးသန်း၊ အကောက်ခွန်၊ ဆိပ်ကမ်း၊ ဘဏ်၊ အာမခံစသည့်ကုန်သွယ်မှုနှင့် တိုက်ရိုက်ပတ်သက်နေသည့်ဌာနများရှိသလို ပို့ကုန်/သွင်းကုန်များနှင့် ပတ်သက်၍ စိစစ်ထောက်ခံ စစ်ဆေးပေးရသည့် ဌာနများစွာလည်းရှိနေသည်။ ပို့ကုန်/သွင်းကုန်အမျိုးအစားများပြားသလောက် ကုန်စည်တင်ပို့/တင်သွင်းသည့် ကုန်သည်များ၊ ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများကလည်း ထိတွေ့ဆက်ဆံသူ (Client) များအဖြစ် ကျယ်ပြန့်စွာပါဝင်နေသည်။ ကုန်သွယ်မှုလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးမှု၏ အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ရာ ဤလုပ်ငန်းထိရောက်အောင်မြင်မှုသာ ထုတ်လုပ်ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းစဉ်တစ်ခုလုံး ကြီးပွားတိုးတက်မည်ဖြစ်၍ အလွန်အရေးကြီးသော ဂိတ်တံခါးတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

ယင်းဂိတ်တံခါးဝတွင် အစစ်အဆေး၊ အတောင်းအရမ်းထူပြောသည်နှင့်အမျှ အချိန်၊ လုပ်ငန်းအဆင့်နှင့် ကုန်ကျစရိတ်ဟူသည့် စွမ်းဆောင်ရည်တိုင်းတာမှု ညွှန်မှတ်များနိမ့်ကျပြီး ထိတွေ့ဆက်ဆံရသည့် ပြည်သူများ၏ အဆင်မပြေမှုများ တိုးပွားလာသကဲ့သို့ မိမိနိုင်ငံ၏ ယှဉ်နိုင်စွမ်း (Conpetency) လည်း လျော့ကျကာ "ခါးမနောက်ပိတ်ခွေး" ဘဝ၌ ရောက်နေလိမ့်မည် ဖြစ်သည်။

ပထမဦးစွာ ကုန်သွယ်မှုလုပ်ငန်းများတွင် ပင်မအရင်းခံဖြစ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်ကို လေ့လာခွင့်ရခဲ့ပါသည်။ ကုန်စည်တင်သွင်းတင်ပို့သူများအနေဖြင့် ပထမဦးစွာ ရင်ဆိုင်ရသည့်အဆင့်မှာ သွင်းကုန်၊ ပို့ကုန်လိုင်စင်နှင့် ပါမစ်ယူရခြင်းပင်ဖြစ်သည်။

သွင်းကုန်/ပို့ကုန်လိုင်စင်နှင့် ပါမစ်ထုတ်ပေးခြင်းများကို အင်တာနက်၊ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်သည်။ လူဖြင့် လုပ်ရသည့် ခေတ်ထက်စာလျှင် လုပ်ငန်းလုပ်ဆောင်ချိန် လျော့ကျသွားသော်လည်း အပြည့်အဝ ကွန်ပျူတာဖြင့် လုပ်သည့်အဆင့်အထိ မရောက်နိုင်သေး၊ လူနှင့် စာရွက်တစ်ပိုင်း၊ ကွန်ပျူတာနှင့် အွန်လိုင်းတစ်ပိုင်းလုပ်နေရသေးသည်။ ပို့ကုန်အတွက် စုစုပေါင်း အဆင့်(၁၀) ဆင့်ကိုလိုင်စင်တစ်စောင်လျှင် ပျမ်းမျှကြာမြင့်ချိန် ၄၀ မိနစ်မှ ၅၅ မိနစ် ကြာမြင့်သည်။ သွင်းကုန်အတွက်လည်း ပျမ်းမျှ ၃၅ မိနစ်မှ မိနစ် ၇၀ အထိ ကြာမြင့်ပြီး တစ်ရက်လျှင် ပျမ်းမျှလိုင်စင် ၂၆၇ စောင်ကို ဌာနစိတ်ကိုးခုခွဲ၍ ကိုင်တွယ်ရသည်။ ထို့ကြောင့် ဌာနစိတ်တစ်ခုလျှင် လိုင်စင်စောင်ရေ ပျမ်းမျှ ၃၀ ခန့် ကိုင်တွယ်ရပြီး ယေဘုယျအားဖြင့် လိုင်စင်လျှောက်ထားသူတစ်ဦးသည် နေ့တစ်ဝက်ခန့် အချိန်ယူရသည်။ ဝမ်းမြောက်ဖွယ်အချက်မှာ မတ် ၁ ရက်မှစ၍ သွင်းကုန် ၁၆၆ မျိုး၊ ပို့ကုန် ၁၅၂ မျိုးကို လိုင်စင်ရ ယူရန် မလိုဘဲ ခွင့်ပြုလိုက်ခြင်းပင်ဖြစ်သည်။

လိုင်စင်ရရေးအတွက် နေ့တစ်ဝက်ဆိုသော်လည်း တွဲ၍ပါရသည့် ဌာနဆိုင်ရာထောက်ခံချက်များ ရရှိရေးအတွက် တောင်းခံရသည်က ရက်သတ္တပတ်နှင့်ချီ၍ ကြာမြင့်နိုင်သည်။ အစားအသောက်နှင့် ဆေးဝါးများ စိစစ်ခြင်းနှင့် သစ်ပင်ရောဂါ၊ တိရစ္ဆာန်ရောဂါစိစစ်ခြင်းတို့မှာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းဖြစ်သော်လည်း ကြာမြင့်ချိန်ကို လျှော့ချနိုင်ရေးအတွက် လေ့လာရဦးမည်ဖြစ်သည်။ ကျန်ထောက်ခံချက်များမှာ ပြည်တွင်းလိုအပ်ချက်အရ (တစ်ချိန် တစ်ခါက) သတ်မှတ် တောင်းခံခြင်းဖြစ်သော်လည်း ယခုလက်ရှိ အနေအထားတွင် လို/မလို လေ့လာဆွေးနွေးရဦးမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၅ ခုနှစ်၌ အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်သည့်အခါ အာဆီယံပြတင်းပေါက် (Single Window) စနစ်ကျင့်သုံးရတော့မည်ဖြစ်ရာ ဒေသတစ်ခုလုံး သတ်မှတ်ပုံစံ၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာရတော့မည်ဖြစ်ပြီး အခွန်အကောက်မဟုတ်သော ကုန်သွယ်မှုအတားအဆီးများ (Non-Tarrif Barrier)NTB ကို ဖျက်သိမ်းပေးရမည်ဖြစ်သည့်အတွက် ယခုကပင် ပြင်သင့်သည်ပြင်၊ ဖြုတ်သင့်သည်ဖြုတ်၊ ပြောင်းသင့်သည်ပြောင်းစသည်ဖြင့် ဆောင်ရွက်ကြရတော့မည်ဖြစ်ပါသည်။ ။

မြန်မာ့ရိုးရာစစ်တုရင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာစစ်တုရင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲကို မတ် ၂၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မတ် ၂၃ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင် အားကစားနည်း ပါဝင်မည်ဖြစ်ရာ ဤပြိုင်ပွဲမှ ပဏာမလက်ရွေးစင်များ ရွေးချယ်သွားမည်ဖြစ်သည်။

(စစ်တုရင်အဖွဲ့ချုပ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ထိုင်းဘုရင်ဟောင်းအုတ်ဂူတူးဖော်နေမှုကို ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၇

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းအနီး ဆင်စွယ်ပွတ်ရပ်ကွက်ရှိ လင်ဇင်းကုန်းသုသာန်၌ ထိုင်းဘုရင်ဟောင်း၏ အုတ်ဂူဖြစ်ကြောင်း အထောက်အထား အခိုင်အမာရရှိနိုင်ရန် ထိုင်းနိုင်ငံမှ ဗိသုကာပညာရှင်များ ပါဝင်သော ထိုင်းဘုရင်အုတ်ဂူရှာဖွေရေးအဖွဲ့၏ တူးဖော် ရှာဖွေလျက်ရှိရာနေရာသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေသည် ယမန်နေ့ နံနက် ၁၀ နာရီတွင် ရောက်ရှိလေ့လာခဲ့သည်။

တူးဖော်မှုနှင့် ပတ်သက်၍ ထိုင်းဘုရင်အုတ်ဂူရှာဖွေရေးအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် မစ်ကီတတ်က လင်ဇင်းကုန်းသုသာန်၌ ထိုင်းဘုရင်အုတ်ဂူဟု ယူဆရသော မဏ္ဍလာတိုင်နှင့် ရှစ်မြှောင့်ပုံသဏ္ဌာန် အုတ်ပုံနှစ်ခုကို စတင်တူးဖော်ရာ ရှေးဟောင်းပစ္စည်းများဖြစ်၍ ပျက်စီးမှုမရှိဘဲ မူလပုံသဏ္ဌာန်အတိုင်း ဖြစ်စေအောင် အဓိကထား၍ တူးဖော်ဆောင်ရွက်နေရမှုကြောင့် အချိန်ကြန့်ကြာခဲ့မှုကို ရှင်းလင်းတင်ပြပြီး ယခုလက်ရှိ အချိန်အထိ တူးဖော်မှုပြုရာ ထိုင်းဘုရင်ဟောင်းအုတ်ဂူမှ အထောက်အထား တစ်ခုမျှမရရှိသေးကြောင်းတင်ပြသည်။

ဒုတိယဝန်ကြီးက ထိုင်းဘုရင်အုတ်ဂူရှာဖွေရေးအဖွဲ့မှ သတ်မှတ်တူးဖော်မှု ပြုရာတွင် အနီးအနားရှိ မျိုးဆက်များ၏ နေရာများတွင်လည်း တူးဖော် သုတေသနပြုခြင်းဖြင့် ရှာဖွေနေသည့် အထောက်အထားလည်း ရရှိနိုင်ကြောင်းနှင့် တူးဖော်မှုပြုရာ၌ အထောက်အထားမရနိုင်သော်လည်း သမိုင်းကြောင်းအရ ထိုင်းဘုရင်ဟောင်း၏ အုတ်ဂူသည် ယခုပရဝဏ်အတွင်း၌ပင် ရှိနိုင်ပါကြောင်းပြောကြားခဲ့သည်။

ယခုနေရာသည် ယဉ်ကျေးမှုနှင့် သမိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းနေရာတစ်ခုကဲ့သို့ပင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Junction Cineplex ၈ . ၃ . ၂၀၁၃ တွင် စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ)





Junction Square (Ph - 01 527 055)

TAD (The Lost Explorer) (3D)		10 : 30 ၊ 1:00 ၊ 4 : 00 ၊ 7 : 00
		10 : 30 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 00
ABCD Dance (3D)		10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
		10 : 00 ၊ 1 : 00 ၊ 4: 00 ၊ 7 : 00 ၊ 9 : 30
		10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
		10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30

Junction Maw Tin (Ph - 01 225 244)

TAD (The Lost Explorer) (3D)		10 : 30 ၊ 1: 00 ၊ 4 : 00 ၊ 7 : 00
		10 : 30 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 00
		10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
		10 : 00 ၊ 12 : 30 ၊ 3 : 00 ၊ 6 : 00 ၊ 9 : 00

Junction Nay Pyi Taw (Ph - 067 421 615)

		10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30

COLUMBUS HOLIDAYS

* ကိုရီးယား		US$ 2000
* ကိုရီးယား		US$ 2250
* ဟောင်ကောင် - မကာအို		US$ 1580
* စင်္ကာပူ - မလေးရှား		US$ 1380
* စင်္ကာပူသီးသန့်		US$ 980

Hotel-4 star

Columbus TRAVELS & TOURS 229245, 378535, 0943052593

လွှတ်တော်ရေးရာကဏ္ဍ

☆ ပြည်သူ့လွှတ်တော်မှ

ခွဲခြားသည့် စက်များအသုံးပြုခြင်း စသည်ဖြင့် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းဖြေကြားချက်နှင့်စပ်လျဉ်း၍ မေးခွန်းရှင် ဦးဇော်ထွန်းက "ငွေကျပ် ၅၀၀၀ တန်နဲ့ ပတ်သက်ပြီး ဧင်းငွေစက္ကူအတုတွေကို ယခုထက်ပိုမိုထိထိရောက်ရောက် ဆောင်ရွက်ပေးမယ်ဆိုရင် ကျေနပ်မှုရှိပါတယ်။ ပြည်သူတွေကြားထဲမှာ ငွေစက္ကူအတုတွေ သုံးစွဲနေတယ်လို့ ထင်ပါတယ်။ ဥပမာ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် ကျပ် ၁၀၀၀ တန်အရွက်ရေ ၄၀ မိတာ၊ ဗန်းမော်မြို့နယ်မှာဆိုရင် ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ ဆိုင်ကယ်ငှားစီးသူတွေက ကယ်ရီသမားတွေကို ပေးခဲ့တာ၊ ကျေးရွာသူ၊ ကျေးရွာသားတွေဆီမှာလည်း ရှိနိုင်ပါတယ်။ ဘယ်သူက စိစစ်နိုင်မှာလဲ၊ အဓိကကတော့ အသိပညာ အတတ်ပညာ နည်းပါးတဲ့ ကျေးရွာသူ၊ကျေးရွာသားတွေမှာ သုံးစွဲနေတာကို တွေ့ရှိရပါတယ်"ဟု ပြောကြားခဲ့သည်။

ယင်းမေးမြန်းချက်နှင့်စပ်လျဉ်း၍ သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်က"ငွေကျပ်၅၀၀၀တန် အတုတွေပေါ်တယ်လို့ ကောလာဟလတော့ ကြားပါတယ်။ ဒါပေမယ့် မဖြစ်စလောက်ပါပဲ။ ဒါတွေဟာ အသေးအဖွဲလောက်ပဲရှိမှာပါ။ ပြည်သူတွေအနေနဲ့လည်း သတင်းစာက ရေးသားဖော်ပြတာ၊ ဘဏ်တွေက ထုတ်ပြန်တဲ့ ကြေညာချက်တွေကို သိရှိနားလည်ဖို့ လိုပါတယ်။ သက်ဆိုင်ရာက စိစစ်မှုတွေရှိပါတယ်။ စီးပွားရေး လုပ်ငန်းတွေနဲ့ ငွေကြေးလှည့်ပတ်သုံးစွဲတဲ့ နေရာတွေမှာတော့ အနည်းအကျဉ်းလောက်ပဲ ရှိနိုင်ပါတယ်"ဟု ပြောပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော ပုဂ္ဂလိက ကျန်းမာရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းသည်။

ယင်းနောက်ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က တင်သွင်းရာတွင် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် စာပေစိစစ်ရေးစနစ်ကို ရုပ်သိမ်းလိုက်ပြီးနောက် ဂျာနယ်၊ မဂ္ဂဇင်းများတွင် ပြည်သူလူထုကို အဆိပ်အတောက်ဖြစ်စေသော ရေးသားဖော်ပြမှုများ ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းကာလအတွင်း လောင်းကစားလုပ်ငန်းများကို အားပေးလှုံ့ဆော်သည့် လောင်းကြေးခန့်မှန်းဖော်ပြချက်များ ပါရှိသော ဂျာနယ်အမျိုးအစား (၁၃) မျိုး၊ ထုတ်ဝေမှု(၁၈၄)ကြိမ်နှင့် ထုတ်ဝေဖြန့်ချိခဲ့သည့် စောင်ရေစုစုပေါင်း (၁၃၉၈၀၀၀)အထိ ရှိခဲ့ပါကြောင်း။

မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဟီရိဩတ္တပ္ပတရားကင်းသည့် ရေးသားချက်များနှင့် ရုပ်ပုံ၊ ခါတ်ပုံများဖော်ပြခြင်းများကို ဂျာနယ်၊ မဂ္ဂဇင်းအမျိုးအစား (၄၆)မျိုး၊ ထုတ်ဝေမှု (၅၈)ကြိမ်နှင့် ထုတ်ဝေသည့် စောင်ရေ စုစုပေါင်း (၂၁၄၀၀)အထိ ရှိကြသည်ကိုလည်း စိစစ်တွေ့ရှိရပါကြောင်း၊ ထို့အပြင် ၄-၁၂-၂၀၁၂ ရက်မှ ၅-၁၂-၂၀၁၂ ရက်အထိ ကျင်းပခဲ့သော ဆဋ္ဌအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး၌ ဆရာတော်ကြီးများက ထေရဝါဒဗုဒ္ဓဘာသာ ပိဋကတ်တော်များနှင့် ညီညွတ်မှုမရှိသော ရေးသား/အသံသွင်း/ထုတ်ဝေမှုများရှိသည့်အတွက် လွန်စွာ စိတ်မချမ်းမသာစွာဖြင့် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပြီး သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရထံ လိုအပ်သလို ဆောင်ရွက်ပေးရန် ဩဝါဒပေးခဲ့သည်ကို သိရှိရပါကြောင်း။

မိမိတို့နိုင်ငံတွင် စာနယ်ဇင်းဆိုသည်မှာ ဒီမိုကရေစီရှင်သန်မှုအတွက် အသက်ရှူရန် လေကောင်းလေသန့်လို အရေးကြီးပါကြောင်း၊ စာနယ်ဇင်း လောကသားများ၏ နိုးကြားတက်ကြွမှုရှိသလောက်၊ စိတ်ရင်းစေတနာကောင်းသလောက် လူ့အဖွဲ့အစည်း၏ ဒီမိုကရေစီအတွက် အရွေ့ကိုတွန်းအားပေးကူညီနိုင်ပါကြောင်း၊ စာနယ်ဇင်းသမားများ၏ ဤမျှအရေးကြီးသည့် တာဝန်ကို ကောင်းမွန်စွာထမ်းဆောင်နိုင်အောင် အဟန့်အတားများ နည်းပါးသက်သာရအောင် မိမိတို့တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိသော်လည်း စာပေစိစစ်ရေး ရုပ်သိမ်းပြီးသည့် အချိန်တွင် ဆရာတော်၊ သံဃာတော်များနှင့် မိဘပြည်သူများသည် အထက်၌ ဖော်ပြခဲ့သကဲ့သို့ စာနယ်ဇင်းလောကထဲတွင် အဆိပ်အတောက်အခိုးအငွေ့များ မွှန်ထူလာနေသည်ကို ကြည့်ပြီး အနာဂတ်ဘာသာ သာသနာအရေးအတွက် လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များနှင့် အလွန်နုနယ်လွန်းလှသည့် ကလေးသူငယ်များအတွက်လည်းကောင်း ရတက်မအေးဖွယ် ယနေ့လက်တွေ့ကြုံတွေ့နေရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင်လည်း မိဘအရွယ်၊ အဘိုးအဘွားအရွယ်များဖြစ်ကြသည့်အတွက် မိမိတို့၏ သားသမီးများ၊ မြေးမြစ်များကို အခုလို အဆိပ်အတောက် ဝန်းကျင်ထဲတွင် ဤအတိုင်းပစ်ထားလိုကြမည် မဟုတ်ဟု မိမိယုံကြည်ပါကြောင်း၊ ထို့အတွက် မိမိတို့တစ်စုံတစ်ခုလုပ်ရန် လိုပါကြောင်း။

နိုင်ငံတကာစံနှုန်းနှင့်ညီပြီး သတင်းလွတ်လပ်ခွင့်ကို လုံးဝအဟန့်အတားမဖြစ်စေဘဲ အထက်ပါစာပေအဆိပ်အတောက်ပတ်ဝန်းကျင်ကို ဖယ်ရှားသန့်ရှင်းပေးနိုင်သည်မှာ မိမိယနေ့ တင်သွင်းမည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း ဥပဒေကြမ်းပင်ဖြစ်ပါကြောင်း၊ မိမိတို့ဤဘက်ခေတ်တွင်ပိုမိုလွတ်လပ်လာကြပါကြောင်း၊ ပိုမိုပွင့်လင်းလာကြပါကြောင်း၊ ထင်သာမြင်သာလည်းရှိလာကြပါကြောင်း၊ မိမိတို့၏ လူနေမှုဘဝတွင် ကမ္ဘာလွှမ်းခြုံပြောင်းလဲမှုဖြစ်စဉ်ကြီး၏ အကျိုးကျေးဇူးများလည်း မိမိတို့ နေ့စဉ်ခံစားနေကြရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် တကွ မိဘပြည်သူတစ်ရပ်လုံး သိပြီးသားဖြစ်ကြပါကြောင်း၊ ကမ္ဘာလွှမ်းခြုံပြောင်းလဲမှုကြီး၏ ကောင်းကျိုးများနှင့် အတူ ဆိုးပြစ်များလည်း ပါလာပါကြောင်း၊ ယင်းဆိုးပြစ်များထဲ၌ အဓိကကျသည့်အချက်တစ်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မူလယုံကြည်တန်ဖိုးထားမှုများ၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဓလေ့စရိုက်၊ အမွေအနှစ်များနှင့် ရှိရင်းစွဲ လူနေမှုဘဝမှ ကောင်းမွေများအားလုံးကို ရပ်တန့်ဆုံးရှုံးသွားစေနိုင်သည်ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ဤဆိုးပြစ်များကို နိုင်ငံတိုင်း၊ နိုင်ငံသားတိုင်း၊ နိုင်ငံရေးပါတီတိုင်း၊ လူထုလူတန်းစားအဖွဲ့အစည်းတိုင်း၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်ရှိသူတိုင်းက ကာကွယ်ရန် တာဝန်ရှိပါကြောင်း၊ အမျိုးဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုနှင့် ပတ်သက်ပြီး ယင်းဆိုးပြစ်ကို ကာကွယ်ရန် မိမိတို့၌ ဘာရှိပါသလဲ၊ လက်သုံးကိရိယာ မယ်မယ်ရရဘာမျှ မရှိဘဲ ဖြစ်နေပါကြောင်း၊ ယနေ့မိမိ တင်သွင်းမည့် ဥပဒေကြမ်းသည် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအတွက် လိုအပ်နေသည့် လက်သုံးကိရိယာများထဲက တစ်ခုဖြစ်လာပါလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဤနေရာတွင် အငြင်းပွားသူများက ထောက်ပြပြောဆိုနေသည့် ပုဒ်မ(၇) စည်းမျဉ်း စည်းကမ်းများကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက စဉ်းစားပေးနိုင်ပါရန် ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

ယင်းအချက်များမှာ (၁) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသား လူမျိုးအချင်းချင်းကိုလည်းကောင်း၊ မိမိလူမျိုး၏ ဘာသာ၊ သာသနာကိုလည်းကောင်း၊ အခြားဘာသာ၊ သာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများဖော်ပြခြင်း၊ (၂) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း၊ (၃) ညစ်ညမ်းစာများကို ဖော်ပြခြင်း၊ (၄) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း၊ (၅)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသား၊ စာများထုတ်ဝေခြင်းတို့ဖြစ်ပါကြောင်း။

သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ ကမ္ဘာပေါ်တွင် အထင်ရှားဆုံးဖြစ်သည့် နိုင်ငံသားများနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (International Convenant on Civil and Political Rights) Article 19 Para.3 တွင် မိမိအယူအဆ သဘောထားများကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရှိသော်လည်း လူတစ်ဦး၏ အခွင့်အရေးနှင့် ဂုဏ်သတင်းကိုလည်းကောင်း၊ အမျိုးသားလုံခြုံရေး၊ အများပြည်သူ စနစ်တကျရှိရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားတို့ကိုလည်းကောင်း အလေးထားရမည့် တာဝန်အဖြစ် ဖော်ပြထားပြီး လိုအပ်ပါက ဥပဒေ၌ ထည့်သွင်းဖော်ပြရမည်ဟု ပါရှိပါကြောင်း။

ဤနေရာတွင် အမျိုးသားလုံခြုံရေး (National Security)နှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို

မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

တင်ပြလိုပါကြောင်း၊ အမျိုးသားလုံခြုံရေးဆိုသည်မှာ စီးပွားရေးလုံခြုံရေး၊ ငွေကြေးလုံခြုံရေး၊ စွမ်းအင်လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင် လုံခြုံရေး၊ စစ်ဘက်ဆိုင်ရာလုံခြုံရေး၊ နိုင်ငံရေးလုံခြုံရေးနှင့် သဘာဝအရင်းအမြစ်လုံခြုံရေးတို့ ပါဝင်သည့်အတွက် အများကြီး ကျယ်ပြန့်ပါကြောင်း၊ ထို့အပြင် အများပြည်သူ စနစ်တကျရှိရေးနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း လူတိုင်းသည် စိုးရိမ်မှု၊ နှောင့်ယှက်မှုမရှိဘဲ အများပြည်သူဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများအတိုင်း စုဝေးဝင်၊ ထွက်သွားလာပိုင်ခွင့်ရှိပါကြောင်း၊ သို့သော် အများပြည်သူဆိုင်ရာ နေရာများတွင် အန္တရာယ်ကို သယ်ဆောင်လာခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆူပူသောင်းကျန်းခြင်းတို့ကို တားမြစ်သည်ဟု ဖော်ပြထားပါကြောင်း။

အမျိုးသားလုံခြုံရေးနှင့် အများပြည်သူ စနစ်တကျရှိရေးဆိုသည့် စကားသည် ကျယ်ပြန့်သော်လည်း မိမိတို့က အနည်းဆုံး လိုအပ်ချက် အနှစ်သာရကိုသာ အကျဉ်းချုံးဖွင့်ဆိုခြင်းသည် သတင်းသမားများအတွက် အဟန့်အတားမဖြစ်စေရန်နှင့် သတင်းလွတ်လပ်ခွင့်ကို အတတ်နိုင်ဆုံးဖွင့်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်း ပုဒ်မ(၇)ပါ စည်းကမ်းသတ်မှတ်ချက်များသည် နိုင်ငံတကာစံနှုန်းများနှင့်အညီ ထည့်သွင်းထားခြင်း ဖြစ်ကြောင်း တင်ပြလိုပါကြောင်း၊ ပုဒ်မ(၈)အရ အဆိုပါစည်းကမ်းချက်များနှင့်မညီသည့် စာကိုလည်း Invalid publication တရားမဝင်ထုတ်ဝေစာအဖြစ် သတ်မှတ်ကြေညာမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကြေညာလျှင် ဆက်လက်ပုံနှိပ်ခြင်း မပြုရန်နှင့် ထုတ်ဝေခြင်းမပြုရန်သာ ဖြစ်ပါကြောင်း၊ယင်းကိစ္စအတွက် ဖမ်းဆီးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းများ လုံးဝမရှိပါကြောင်း၊ ဆိုးရွားစွာဖောက်ဖျက်ခြင်း သို့မဟုတ် ထပ်မံဖောက်ဖျက်မှသာ တရားမကြောင်းအရ တရားစွဲနိုင်မည်ဖြစ်သည့်အတွက် ယင်းသည်လည်း ယခင်ဥပဒေများအရ ပြစ်မှုကြောင်းအရအရေးယူပြီး နိုင်ငံပိုင်သိမ်းဆည်းခြင်းစသည်တို့နှင့် နှိုင်းယှဉ်မည်ဆိုလျှင် နှိုင်းယှဉ်၍မရအောင် တရားမျှတမှုကို ဦးစားပေးထားပါကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြထားသည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားထုတ်ဝေခွင့်တို့ကို ဟန့်တားနှောင့်ယှက်ခြင်းလုံးဝမရှိစေဘဲ ပုံနှိပ်သူ၊ ထုတ်ဝေသူများ၊ စာနယ်ဇင်းသမားများ အားလုံးအတွက် လုံခြုံစိတ်ချရမှုနှင့် လုပ်ငန်းလွယ်ကူအဆင်ပြေစေရန်တို့ကို အဓိကထားပြီး အနာဂတ်ကာလ စာပေအဆိပ်အတောက်ကင်းစင်စွာ ရှင်သန်ဖွံ့ဖြိုးနိုင်ရေး မျှော်မှန်းချက်ဖြင့် ရေးသားထားသော ဥပဒေကြမ်းဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီးများက လက်ခံဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ပုံနှိပ်ထုတ်ဝေခြင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်စာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မတ် ၁၈ ရက် နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့်ပတ်သက်၍ မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူက"ဥပဒေကြမ်းပုဒ်မ(၈)မှာ ပုဒ်မ(၇)ပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ထုတ်ဝေသော စာအုပ်၊ စာစောင်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာရန်ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့် ဒီတရားမဝင်ထုတ်ဝေစာတွေကို ကြေညာရန်သာပြဋ္ဌာန်းထားပြီး ရှာဖွေဖြင်း၊ သိမ်းဆည်းခြင်း စသည့်ပြဋ္ဌာန်းချက် မပါတာတွေတွေ့ရပါတယ်။

၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ(၁၄)တွင် ရဲအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းခြင်းခံရသူ တစ်ဦးဦးသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်၍ ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့် ထုတ်ဝေစာများကို တွေ့ရာနေရာတိုင်း၌ သိမ်းယူနိုင်ကြောင်း၊ အဆိုပါ ဆန့်ကျင်သော ထုတ်ဝေစာကို ထားသိုဖွယ်ရာရှိသည့် အဆောက်အအုံတို့ကို တရားသူကြီး၏ ဝရမ်းစာဖြင့် ရှာဖွေနိုင်ကြောင်း၊ တွေ့ရှိရသည့် ပစ္စည်းကို သိမ်းဆည်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ(၁၅)မှာ တရားမဝင်ထုတ်ဝေစာကို ရိုက်နှိပ်သည့်ပုံနှိပ်စက်အား ရဲအရာရှိက တရားသူကြီး၏ ဝရမ်းစာဖြင့် ရှာဖွေသိမ်းဆည်း၍ တရားသူကြီးထံ တင်ပြရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ကို တွေ့ရပါတယ်။ ၁၉၃၁ ခုနှစ် ဥပဒေမှာလည်း တရားမဝင်ထုတ်ဝေစာအဖြစ်ကြေညာပြီးပါက ရဲအရာရှိသည် ယင်းထုတ်ဝေစာကို တွေ့ရှိရာနေရာတိုင်း၌ သိမ်းဆည်းနိုင်ကြောင်း တရားသူကြီး၏ ဝရမ်းစာဖြင့် ထားသိုရာနေရာ၊ အဆောက်အအုံကို ရှာဖွေနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အခု ဥပဒေကြမ်းမှာတော့ ရဲကရှာဖွေခြင်း၊ သိမ်းဆည်းခြင်းစတဲ့ ကိစ္စရပ်တွေကို ပြဋ္ဌာန်းခြင်းမပြုဘဲ ဖြုတ်ပယ်ထားတာကြောင့် စက်ပိုင်ရှင်များအတွက် အကာအကွယ် ပေးထားတယ်လို့ ထင်ပါတယ်။ အခု ဥပဒေမှာတော့ တရားမဝင်ထုတ်ဝေစာအဖြစ်ကြေညာတာသာရှိပါတယ်။ဘာမှဆက်လုပ်ဖို့ မပါရှိပါဘူး။ ထွက်ပြီးသားဟာတွေကို လိုက်သိမ်းဖို့၊ အရေးယူဖို့ မရှိပါဘူး။ ဒါပေမယ့် ကြေညာပြီးသား တရားမဝင်ထုတ်ဝေစာကိုတော့ ထပ်မံပုံနှိပ်ထုတ်ဝေခြင်းမပြုရပါဘူး။ ဒီလောက်ပဲ လိုက်နာဖို့လိုပါတယ်"ဟု ပြောပြသည်။

အစည်းအဝေးကိုနံနက် ၁၁ နာရီ ၃၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

လွှတ်တော်များသို့ လာရောက်လေ့လာ

နေပြည်တော် မတ် ၇

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂၁)ဦးနှင့် ဆေးတက္ကသိုလ်အမှတ်(၂)(ရန်ကုန်)မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသားကျောင်းသူ ၁၄ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၂၃) ရက်မြောက်နေ့ ကျင်းပနေပုံများကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့နိုင်ငံရေး(၁၉၅၈-၁၉၆၂)ပထမတွဲ၊ ဒုတိယတွဲနှင့် မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ(၁၉၆၂-၁၉၇၄) ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲတို့ ထွက်ရှိ

ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနက "မြန်မာ့နိုင်ငံရေး (၁၉၅၈-၁၉၆၂)" ပထမတွဲ၊ ဒုတိယတွဲနှင့်"မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ (၁၉၆၂-၁၉၇၄)" ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ သုံးအုပ် ပေါင်း ငါးအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်များမှာ စာဖတ်သူများ၏ နှစ်ခြိုက်အားပေးမှုကြောင့် ဒုတိယအကြိမ် ထပ်မံထုတ်ဝေလိုက်ခြင်းဖြစ်သည်။ မြန်မာ့နိုင်ငံရေး (၁၉၅၈-၁၉၆၂)မှာ တတိယတွဲ၊ စတုတ္ထတွဲထိရှိပြီး ၁၉၉၁ ခုနှစ်က ထုတ်ဝေခဲ့ပြီးဖြစ်သည်။

"မြန်မာ့နိုင်ငံရေး(၁၉၅၈-၁၉၆၂)"စာအုပ်တွင် လွတ်လပ်ရေးရပြီး ဒုတိယဆယ်စုနှစ်ကာလအတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းမှတ်တိုင်များဖြစ်သည့် ပြည်တွင်းဆူပူသောင်းကျန်းမှုများ၊ ဖဆပလအစိုးရနှင့် အိမ်စောင့်အစိုးရလက်ထက် မြန်မာနိုင်ငံအခြေအနေကို မီးမောင်းထိုးပြထားပြီး ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပ၍ ဦးနုခေါင်းဆောင်သော ပြည်ထောင်စုအဖွဲ့တက်သည်အထိ ရေးသားထားသည်။

ယခုထုတ်ဝေလိုက်သော စာအုပ်များကို နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနနှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ဝင်းရှိ သမိုင်းသုတေသနဦးစီးဌာနတို့တွင် ဝယ်ယူနိုင်ကြောင်း၊ မြန်မာ့နိုင်ငံရေး(၁၉၅၈-၆၂)ကို အစုံလိုက်ဝယ်ယူနိုင်ပြီး ပထမတွဲ ကျပ် ၃၅၀၀၊ ဒုတိယတွဲ ကျပ် ၄၅၀၀၊ တတိယတွဲ ကျပ် ၂၀၀၀၊ စတုတ္ထတွဲ ကျပ် ၂၀၀၀၊ နှင့် မြန်မာ့နိုင်ငံရေး စနစ်ပြောင်းကာလ (၁၉၆၂-၁၉၇၄) ပထမတွဲ ကျပ် ၄၅၀၀၊ ဒုတိယတွဲ ကျပ် ၄၀၀၀၊ တတိယတွဲ ကျပ် ၃၂၀၀တို့ဖြင့် ရောင်းချမည်ဖြစ်ပါကြောင်း။

ပြည်တွင်းရေးရာ

○အမျိုးသားလွှတ်တော်မှ သီးခြားသတ်မှတ်ပြီး နိုင်ငံခြားကုန်သည်များနှင့် ပြည်တွင်းခရီးသွားများ တည်းခိုနိုင်ရန် ခေတ်မီဟိုတယ်ကြီးများနှင့် အပန်းဖြေစခန်းများ တည်ဆောက်ပေးရန်၊ လမ်းများတိုးချဲ့ပေးရန်နှင့် သောက်သုံးရေ လုံလောက်စွာပေးနိုင်ရေးအတွက် ယခုအချိန်မှစပြီး စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်ပါကြောင်းနှင့် အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ရှင်းလင်းဆွေးနွေးရာတွင် ကုန်သွယ်ရေးဇုန်အား အဆင့်မီဖွံ့ဖြိုးတိုးတက်သည့် ဇုန်အင်္ဂါရပ်များနှင့်ညီညွတ်စေရန်အတွက် မိမိနိုင်ငံဘက်တွင် ဈေးကွက်ဖြစ်ပေါ်စေရေး၊ မိမိနိုင်ငံထွက်ကုန်ပစ္စည်းများကို ကြိုက်ဈေးဖြင့် ဈေးပြိုင်ရောင်းချကာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအပြင် မိမိနိုင်ငံထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့် (Value Added)ပြုပြင်ထုတ်လုပ်တင်ပို့လာနိုင်သည့်အတွက် အတိုင်းအတာတစ်ခုအထိ တိုးတက်အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ကုန်သွယ်မှု ပမာဏသည် ကုန်သွယ်ရေးဇုန်မဖွင့်လှစ်မီ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ (၄၈၁ ဒသမ ၃၅၇)သန်း ဆောင်ရွက်နိုင်ခဲ့ရာမှ နှစ်စဉ်တိုးတက်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၂၇၆၈ ဒသမ ၈၉)သန်းအထိ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းများဆောင်ရွက်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရာတွင် မြန်ဆန်သွက်လက်စေရန် ခေတ်မီနည်းပညာနှင့် နည်းစနစ်များကို အသုံးပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်ရေးဇုန်ကို ရေရှည်တည်တံ့ထိန်းသိမ်းဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီဖြစ်စေရန် တိုးချဲ့နိုင်ရေးဆောင်ရွက်ရာတွင် ပုဂ္ဂလိကကုမ္ပဏီများကလည်း နိုင်ငံတကာအဆင့်မီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို BOT စနစ်ဖြင့်လုပ်ကိုင်ခွင့်ပြုရန် တင်ပြထားချက်များကို လက်ခံရရှိထားပါကြောင်း။

မူဆယ်မြို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နိုင်ငံကျက်သရေဆောင် မြို့ပြစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ခေတ်မီမြို့ပတ်လမ်းနှင့် အဆင့်မြင့်မြို့ပြစီမံကိန်းလုပ်ငန်း၊ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၊ အဆင့်မြင့်အိမ်ရာစီမံကိန်းလုပ်ငန်း၊ ကုန်တင်ကုန်ချနှင့် ကုန်သိုလှောင်ရုံများ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊ အဆင့်မြင့်လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်း၊ အဆင့်မြင့်ဟိုတယ်များတည်ဆောက်ရေးလုပ်ငန်း၊ (၁၀၅) မိုင် ဟိုနောင် - ပန်ဆိုင်း(ကြူကုတ်) ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းနှင့် မြို့ရှောင်လမ်း ဖောက်လုပ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း၊ ဆောင်ရွက်ရန်စီစဉ်ထားသည့် စီမံကိန်းလုပ်ငန်းများအားလုံးဆောင်ရွက်ပြီးပါက တစ်ဖက်နိုင်ငံနှင့် စီးပွားရေး၊ လူမှုရေးနှင့် ကုန်သွယ်ရေး လုပ်ငန်းများကို ရင်ပေါင်တန်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က "တရုတ်နိုင်ငံ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ယူနန်ပြည်နယ်ဟာ ကုန်းတွင်းပိတ်ဖြစ်နေပြီး မူဆယ်မြို့ဟာ ယူနန်ပြည်နယ်ရဲ့ ပင်လယ်ထွက်ပေါက်ဂိတ်တံခါးဝဖြစ်သလို ရွှေ့မျှော်မူဝါဒရှိနေတဲ့ အိန္ဒိယနိုင်ငံ အတွက်လည်း ထွက်ပေါက် ဂိတ်တံခါးဝဖြစ်နေပါတယ်။ အဲဒီ စီးပွားရေးဇုန်မြို့ပြစီမံကိန်းကြီး တည်ဆောက်ပြီးသွားရင် စီးပွားရေးတိုးတက်ရန် မရှိမဖြစ်လိုအပ်နေတဲ့ အခြေခံအဆောက်အအုံ ပြီးပြည့်စုံသွားမယ်။ ဈေးကွက်စီးပွားရေးစနစ်နဲ့ လျော်ကန်သင့်မြတ်တဲ့ ဇုန်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများလည်း ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်မယ် ဆိုရင်တော့ ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များလာရောက် ရင်းနှီးလုပ်ကိုင်ကြပြီး အရင်းအနှီးနဲ့ နည်းပညာများ ရရှိလာမှာဖြစ်တဲ့အတွက် စီးပွားရေးဖြစ်ထွန်းတိုးတက်တဲ့ စီးပွားရေးမြို့ပြဇုန်ကြီး ဖြစ်လာမှာ ဖြစ်ပါတယ်။ ပြည်သူများ အထူးသဖြင့် ဒေသခံတိုင်းရင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာကြမှာဖြစ်လို့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းကိုလည်း အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးသားဖြစ်သွားမှာပါ။ ဒါ့အပြင် မူဆယ်နယ်စပ် ကုန်သွယ်ရေးဟာလည်း တစ်ရှိန်ထိုး တိုးတက်လာမှာဖြစ်ပြီး နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာငွေများ တိုးမြင့်ရရှိလာမှာဖြစ်ပါတယ်။ ပြီးတော့ မူဆယ်မြို့ကို တရုတ်နိုင်ငံဘက်က ကျယ်ဂေါင်၊ ရွှေလီမြို့လို တိုးတက်အဆင့်မီတဲ့ မြို့အင်္ဂါရပ်တွေနဲ့အညီ တည်ဆောက်ပေးနိုင်ရင်တော့ ကျွန်တော်တို့ နယ်စပ်မြို့အတွက် ဂုဏ်ရှိတာပေါ့။ နောင်ကျရင် ကမ္ဘာလှည့်ခရီးသည်တွေကလည်း ရောက်လာကြမှာဆိုတော့ မြန်မာလူမျိုးတွေအပေါ် အထင်မသေးတော့ဘူးပေါ့။ ဒါကြောင့် ကျွန်တော်တို့ အစိုးရကလည်း စီးပွားရေးဇုန် မြို့ပြစီမံကိန်းကြီးကို တရုတ်ဘက်နဲ့အပြိုင် မဖြစ်မနေဆောင်ရွက်ပေးလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ဒါဆိုရင်တော့ သားရွှေအိုးထမ်းတာကို တွေ့ရသလို နိုင်ငံမှာ အရေးအကြီးဆုံး လိုအပ်နေတဲ့ တိုင်းရင်းသား ရင်ကြားစေ့ရေးကိုလည်း ဆောင်ရွက်ပြီးသားဖြစ်သွားတာပေါ့ဗျာ။ ဒါဟာ နိုင်ငံတော်နဲ့ ပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးကြီးပါပဲ"ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပြည်ထောင်
ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြ

မြဝတီရုပ်မြင်သံကြား အစီအစ

၈-၃-၂၀၁၃(သောကြာနေ့

၇း၀၃	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၇း၂၃	မျိုးချစ်တပ်မတော်
၄း၂၀	မဟာဂီတချိုကြည်မြ
၄း၂၇	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	ယနေ့ရန်ကုန်မြင်ကွင်းစုံ
၆း၂၅	"ရွာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၈၉) (ဒါရိုက်တာ မိုးဇော်ကို)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့်

အချိန်အခါမဟုတ် မိုးကြောင့် တွံ့တေးတစ်မြို့လုံး စိမ်းစို

ရန်ကုန် မတ် ၇

ရန်ကုန် တောင်ပိုင်းခရိုင် တွံ့တေးမြို့နယ်၌ မတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့သည်။ အမှန်အားဖြင့် နှစ်စဉ် ဤဒေသ၏ရာသီဥတုမှာ နွေဦးမတ်လနှင့်အညီ အပူချိန်မြင့်လျက်ရှိပြီး ပတ်ဝန်းကျင်ခြောက်သွေ့ကာ မြို့နေလူထုအများစုမှာ နေ့ခင်းပိုင်းတွင် အပြင်မထွက်ဘဲ အိမ်ထဲ၌သာ နေကြရသည်။

ရုတ်တရက်ရွာသွန်းသော အချိန်အခါမဟုတ်မိုးသည် တွံ့တေးမြို့သူမြို့သားများအတွက် ရှားပါးသောမိုးဖြစ်ပြီး**(ယာပုံ)** မြို့ပတ်ဝန်းကျင်တစ်ခုလုံးစိမ်းစို သာယာလှပစေခဲ့သောမိုးဖြစ်ကြောင်း၊ မတ် ၆ ရက်တွင် နံနက်ပိုင်းကတည်းက မိုးအုံ့နေခဲ့တာဖြစ်ကြောင်း အပူဒဏ်ကိုခံနေရသော အဘွား

တစ်ဦးက ပြောသည်။ အချိန်အခါမဟုတ်မိုးမှာ မွန်းလွဲ ၁ နာရီမှ ၂ နာရီကျော်အထိ ရွာသွန်းခဲ့ကြောင်းသိရသည်။

(မိုးလှိုင်)

ကျိုက်ခနတ်ဆံတော်ရှင်စေတီတော် စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော် တင်လှူမည်

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် တည်ရှိသော ရှေးဟောင်းသမိုင်းဝင် ကျိုက်ခနတ်ဆံတော်ရှင်စေတီတော်မြတ်ကြီးသည် ယခုအခါ သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာပိုင် အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ (ကျိုက်ထီးဆောင်းဆရာတော်)၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂဒီပ ကြီးကြပ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာမိသားစု)က ပဓာနဒါယကာအဖြစ် ခံယူပြီး ခုနစ်ရက်သားသမီးအပေါင်း၏ လုပ်အားဒါန၊ အလှူဒါနတို့ဖြင့် ပြန်လည်တည်ဆောက် တည်ထားကိုးကွယ်သော ကျိုက်ခနတ်ဆံတော်ရှင်စေတီတော်မြတ်ကြီးအား ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၃ ရက်၊ (၁၄-၃-၂၀၁၃) ကြာသပတေး နေ့ နံနက် ၉ နာရီ မင်္ဂလာချိန်တွင် (မွန်) ရွှေထီးတော်ဘုံမကြီး ဆက်ကပ်တင်လှူပူဇော်မည်ဖြစ်ပြီး ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၄ ရက်၊ ၁၅-၃-၂၀၁၃ (သောကြာနေ့) နံနက် ၉ နာရီ မင်္ဂလာအချိန်တွင် (ရှမ်း) ရွှေထီးတော် ဆက်ကပ်တင်လှူပူဇော်မည်ဖြစ်သည်။ ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၅ ရက်၊ ၁၆-၃-၂၀၁၃ (စနေနေ့) နံနက် ၉ နာရီ မင်္ဂလာအချိန်တွင် (မြန်မာ)ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ စိန်ဖူးတော်များ ဆက်ကပ်တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(ဖိုးသော်ဇင်)

လယ်ယာစပါး
ပြည့်အားထား
တားဆီးကာကွယ်
မီးရန်စွယ်

ရွှေပြည်သာ(၁၆)ရပ်ကွက်မီးလောင်

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၆)ရပ်ကွက် ဗန္ဓုလလမ်း သာသနာ့နယ်မြေ အမှတ် (၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇) အသောကရာမကျောင်းတိုက်ပရိဝုဏ်အတွင်းရှိ အလျား ပေ ၂၀ အနံ ပေ ၃၀၊ သစ်သားအုတ်ညှပ်တစ်ထပ်အဆောက်အအုံမှာ မတ် ၆ ရက် နံနက် ၀၀း၃၅ နာရီခန့်တွင် တစ်လုံးလျှပ်စစ် ဝါယာကြိုးအပူလွန်ကဲရာမှ မီးလောင်ကျွမ်းခဲ့သည်။**(အောက်ပုံ)** မီးလောင်ရာသို့ ဒေသခံပြည်သူများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် သုံးစီး၊ သန္နေမီးသတ် ၁၂ ဦး၊ အရန်မီးသတ် ၅၀ တို့က စုပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၀၀း၅၅ နာရီတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

ပျဉ်းမနားမြို့တွင် မီးအားထိန်းစက် (UPS) ဘောက်မှ အပူချိန်လွန်ကဲပြီး ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွား

ပျဉ်းမနား မတ် ၇

နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်း (၃) ရပ်ကွက်တွင် ဝါယာရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မတ် ၆ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ပျဉ်းမနားရဲစခန်းတွင် ဒုရဲအုပ် မျိုးမြင့်ဦး တာဝန်မှူးဆောင်ရွက်နေစဉ် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရသဖြင့် အခင်းဖြစ်ပွားသည့် ပျဉ်းမနားမြို့ ပေါင်းလောင်း (၃)ရပ်ကွက် ရာဇဌာနီလမ်းမကြီးဘေး အမှတ်(၁၅/၁၁၈၈)နေ ဇော်ထက်ဦး (၃၀)နှစ် အရောင်းကြီးကြပ်(Super visor)၏ CONON မိတ္တူဆက်စပ်ပစ္စည်းနှင့် ရုံးသုံးပစ္စည်းရောင်းဝယ်ရေးဆိုင်အပေါ်ထပ် ရုံးခန်းအတွင်းရှိ မီးအားထိန်းစက်(UPS)ဘောက်မှ အပူချိန်လွန်ကဲကာ ဝါယာရှော့ခ်ဖြစ်ပြီး ဆိုင်အတွင်းမှ ကွန်ပျူတာများ၊ ဆက်စပ်ပစ္စည်း၊ ရုံးသုံးစာရွက်စာတမ်းများနှင့် အပေါ်မျက်နှာကြက်အား မီးဆွဲလောင်ကျွမ်းခဲ့ရာ ကာလတန်ဖိုး ငွေကျပ်ငါးသိန်းဆုံးရှုံးခဲ့ပြီး အခင်းဖြစ်ပွားရာသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားတာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ နေပြည်တော်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ရဲသူရိန်ကိုကိုစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်တို့ ရောက်ရှိလာပြီး မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် လျှပ်စစ်မီးအား ပေါ့ဆစွာသုံးစွဲသူ ဆိုင်အရောင်းကြီးကြပ်သူ ဇော်ထက်ဦးအား အရေးယူပေးပါရန် ဒုရဲအုပ်မျိုးမြင့်ဦးက တိုင်တန်းသဖြင့် ပမနစခန်းမှ (ပ)၁၃၁/၁၃(နပတ) ပုဒ်မ ၂၈၅ အရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မောင်မောင်ငြိမ်းချမ်း

ပြည်ထောင်စုဖလား အားကစားပြိုင် အမျိုးသားတံခွန်စိုက်ဒိုင်းဆုကြီး

နေပြည်တော်

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ပြေးခုန် ရက်ညပိုင်းတွင် ပြေးခုန်ပစ်ပြိုင်ပွဲအားလုံး ကျင်းပ ကျင်းပသော ပြေးခုန်ပစ်ပြိုင်ပွဲများအနက် ပွဲစဉ်အချို့ ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိကွင်းကြီး၌ ဆက်လက်ကျင်းပခဲ့

အဆိုပါပွဲစဉ်များအနက် အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲတွင် အောင်ဇော်မင်းက ပထမ၊ ထွန်းလင်းနိုင်က ဒုတိယ၊ ထင်လင်းက တတိယရရှိပြီး ၄×၄၀၀ အမျိုးသားလက်ဆင့်ကမ်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယနှင့် မွန်ပြည်နယ်အသင်းက တတိယ အသီးသီး ရရှိခဲ့ကြသည်။

အမျိုးသမီးပြိုင်ပွဲများတွင် ၄×၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ဒုတိယနှင့် မွန်ပြည်နယ်အသင်းက တတိယ ရရှိပြီး အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ဖြူဝါသက်က ပထမ၊ ခင်မာဆယ်က ဒုတိယနှင့် ဆွေလီမြင့်က တတိယ အသီးသီးရရှိခဲ့ကြသည်။

အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် နီနီတိုးက ပထမ၊ တင်ဇာခိုင်က ဒုတိယနှင့် ဖြူဇင်စိုးက တတိယ ရရှိပြီး အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် တင်ဇာမိုးက

ပြည်ထောင်စုဖလား အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၇

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲမစတင်မီတွင် အားကစားပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသည့် ဧည့်သည်တော်များနှင့် အားကစားဝါသနာရှင် ပရိသတ်များအား တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို စတင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့သည် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပြည်ထောင်စုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ထို့နောက် ညနေ ၆ နာရီတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြည်ထောင်စုဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းအား ပြည်ထောင်စုဖလားနှင့် ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းအား ဒုတိယဆုနှင့် ငွေသားဆုများကို လည်းကောင်း၊ တတိယဆုရရှိသည့် နေပြည်တော်ဘောလုံးအသင်းအား တတိယဆုနှင့် ငွေသားဆုများကို လည်းကောင်း၊ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ဆုနှင့် ဆုတံဆိပ်အများဆုံးရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုနှင့် ငွေသားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက်လုံး ရွှေ့တန်း အကောင်းဆုံးအားကစားသမားဆုရ စောနိုင်မိုးအောင်(ရန်ကုန်)၊ အလယ်တန်းအကောင်းဆုံး အားကစားသမားဆုရ သန်းထွန်းအောင် (မန္တလေး)၊ နောက်တန်းအကောင်းဆုံး အားကစားသမားဆုရ ဝင်းထွဋ် (နေပြည်တော်)၊ အကောင်းဆုံး ဂိုးသမားဆုရ ဝေလင်းအောင် (ရန်ကုန်)၊ အကောင်းဆုံးအားကစားသမားဆုရ ဝေလု(ရန်ကုန်)နှင့် အသန့်ရှင်းဆုံးအသင်းဆုရ မန္တလေးတိုင်းဒေသကြီး အသင်းတို့အား လည်းကောင်း၊ တစ်ဦးချင်းဆုနှင့် အသင်းလိုက် ဆုရရှိကြသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အားကစားကွင်းကြီး အတွင်း လွှင့်တင်ထားသော အားကစားအလံနှင့် ပြိုင်ပွဲအလံတို့အားချ၍ ဆလိုက်မီးများကို အမှောင်ချကာ ထွန်းညှိထားသော ပင်မမီးရှူးတိုင်ကြီးကို ညင်သာစွာ မီးငြိမ်းသတ်ပြီး ပိတ်ပွဲအခမ်းအနားကို ညပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းအား တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၃-၂၀၁၃(သောကြာနေ့)

- ၇း၀၃ တရားတော်
- ၇း၁၅ ဓမ္မပူဇာတေး
- ၇း၂၃ မျိုးချစ်တပ်မတော်
- ၄း၂၀ မဟာဂီတချိုကြည်မြ
- ၄း၂၃ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၁၀ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၆း၂၅ "ရွာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၈၉) (ဒါရိုက်တာ မိုးဇော်ကို)
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း-၁၂)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - -အမျိုးသားရေးတေးကဗျာ
  - -ဒို့တာဝန်အရေး(၃)ပါး
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
  - -သံစဉ်များနှင့်ကမ္ဘာ
  - -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆွဲအားပြင်းတဲ့ချစ်ခြင်း" အပိုင်း(၁၆)
  - -မြဝတီရုပ်မြင်သံကြားသတင်း
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ" အပိုင်း(၇၄)

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပပြီးစီး အမျိုးသားတံခွန်စိုက်ဒိုင်းဆုကြီးကို ကာကွယ်ရေးဝန်ကြီးဌာနဆွတ်ခူး

နေပြည်တော် မတ် ၇

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲများကို မတ် ၃ ရက်မှ စတင်ကျင်းပခဲ့ရာ မတ် ၆ ရက်ညပိုင်းတွင် ပြေးခုန်ပစ်ပြိုင်ပွဲအားလုံး ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ မတ် ၆ ရက်တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပသော ပြေးခုန်ပစ်ပြိုင်ပွဲများအနက် ပွဲစဉ်အချို့ကို နံနက်ပိုင်းတွင်ကျင်းပခဲ့ပြီး ကျန်ရှိသောပွဲစဉ်များကို ညနေ ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိကွင်းကြီး၌ ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါပွဲစဉ်များအနက် အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် အောင်ဇော်မင်းက ပထမ၊ ထွန်းလင်းနိုင်က ဒုတိယ၊ ထင်လင်းက တတိယရရှိပြီး ၄×၄၀၀ အမျိုးသားလက်ဆင့်ကမ်း ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး အသင်းက ပထမ၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းက ဒုတိယနှင့် မွန်ပြည်နယ်အသင်းက တတိယ အသီးသီး ရရှိခဲ့ကြသည်။

အမျိုးသမီးပြိုင်ပွဲများတွင် ၄×၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ၌ ရန်ကုန်တိုင်း ဒေသကြီးအသင်းက ပထမ၊ ဧရာဝတီ တိုင်းဒေသကြီးအသင်းက ဒုတိယနှင့် မွန်ပြည်နယ်အသင်းက တတိယ ရရှိပြီး အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ဖြူဝါသက်က ပထမ၊ ခင်မာဆယ်က ဒုတိယနှင့် ဆွေလီမြင့်က တတိယ အသီးသီးရရှိခဲ့ကြသည်။

အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် နီနီတိုးက ပထမ၊ တင်ဇာခိုင်က ဒုတိယနှင့် ဖြူဇင်စိုးက တတိယ ရရှိပြီး အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် တင်ဇာမိုးက ပထမ၊ မိုးမိုးမြင့်က ဒုတိယနှင့် နော်ရီရီသန့်က တတိယ အသီးသီး ရရှိခဲ့ကြသည်။

အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် နှင်းရည်ဝေက ပထမ၊ မြင့်မြင့်ဝေက ဒုတိယနှင့် မြတ်ဆုက တတိယရရှိခဲ့ပြီး အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် မြင့်မြင့်ဝေက ပထမ၊ ငွေသန္တာဦးက ဒုတိယနှင့် စုစုမောင်က တတိယရရှိခဲ့ပြီး အမျိုးသမီး လှံတန်ပစ်ပြိုင်ပွဲတွင် စိုးစိုးထွေးက ၃၉ ဒသမ ၇၈ မီတာဖြင့် ပထမ၊ ခိုင်သဇင်စိုးက ၃၆ ဒသမ ၉၃ မီတာဖြင့် ဒုတိယနှင့် မေသရဖီစိုးက ၃၂ ဒသမ ၉၉ မီတာဖြင့် တတိယအသီးသီးရရှိခဲ့ကြသည်။

နံနက်ပိုင်းတွင် ကျင်းပသောပွဲစဉ်များအနက် ၁၀ မျိုးစုံပြိုင်ပွဲတွင် ထွန်းလတ်က ၅၄၉၄ မှတ်ဖြင့် ပထမ၊ မြတ်စိုးသူ က ၅၂၂၉ မှတ်ဖြင့် ဒုတိယနှင့် မျိုးမင်းက ၄၅၀၅ မှတ်ဖြင့် တတိယရရှိပြီး မီတာ ၁၅၀၀ အမျိုးသားပြိုင်ပွဲတွင် မောင်ချက်(ခ) သက်နိုင်က ပထမ၊ ချမ်းမြေ့အောင်က ဒုတိယနှင့် စန်းနိုင်က တတိယ အသီးသီးရရှိခဲ့ကြသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ဒီယဲဗူက ပထမ၊ သိန်းဇော်မျိုးက ဒုတိယနှင့် ကျော်ညီညီထွေးက တတိယ ရရှိခဲ့ပြီး ၁၁၀ တန်းကျော် အမျိုးသားပြိုင်ပွဲတွင် စိုးမိုးဝင်းက ပထမ၊ အောင်မျိုးမင်းက ဒုတိယနှင့် စောမင်းနိုင်က တတိယရရှိခဲ့သည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား တံခွန်စိုက်ပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ပထမဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသွားသည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် အမျိုးသမီးတံခွန်စိုက်ဒိုင်းနှင့် အမျိုးသား အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုများကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန အသင်းသည် ယခုပြိုင်ပွဲသို့ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၅၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါ အောင်မြင်မှုများကို ရရှိခဲ့ခြင်းဖြစ်သည်။

(ရှိုင်းထက်ဇော်)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၇

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကျင်းပရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

အစည်းအဝေးတွင် ၁၃၇၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် ကျင်းပရေးဦးစီး ကော်မတီနာယကက ရန်ကုန်တိုင်း ဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က အမှာစကားပြောကြားပြီး ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်း ရေးမှူး ဦးကျော်စိုးက ရန်ကုန် မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ၁၂ ခုမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

၁၃၇၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်၌ သင်္ကြန်ပွဲတော်ကာလအတွင်း ယိမ်းပြိုင်ပွဲများကို ကျင်းပသွားမည့်အပြင် နံနက်၊ မွန်းလွဲနှင့် ညပိုင်းတို့တွင် ခေတ်ပေါ်တေးဂီတများ၊ စတီရီယို တေးသံရှင်များ၊ အငြိမ့်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❖ ပြည်ထောင်စုဖလားမှ

အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်နဲ့ ကစားနိုင်ခဲ့လို့သာ အခုလို အနိုင်ရ ဗိုလ်စွဲခဲ့တာပါ"ဟု ပြောပြခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုများဆက်လက်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က ဆုများ ချီးမြှင့်ကြသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆု ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆု ဧရာဝတီတိုင်းဒေသကြီး၊ တတိယဆု မန္တလေးတိုင်းဒေသကြီး တို့က ရရှိခဲ့ပြီး အသင်းအလိုက် ဆုကြေးများအဖြစ် ပထမဆု ကျပ်သိန်းနှစ်ဆယ်၊ ဒုတိယဆုကျပ်ဆယ့်ငါးသိန်း၊ တတိယဆုကျပ်ဆယ်သိန်းရရှိခဲ့ကြသည်။

တစ်ဦးချင်းဆုများတွင် အကောင်းဆုံး ဂိုးသမားဆုကို သင်းသင်းစိုး (ရန်ကုန်တိုင်းဒေသကြီး)၊ အကောင်းဆုံးနောက်တန်းဆုကို ချစ်ချစ်(ရှမ်းပြည်နယ်)၊ အကောင်းဆုံး အလယ်တန်းဆုကို ခင်မာလာထွန်း(မန္တလေးတိုင်းဒေသကြီး)၊ အကောင်းဆုံး ရှေ့တန်းဆုကို လှယဉ်ဝင်း (ဧရာဝတီတိုင်းဒေသကြီး)၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို နော်အားလိုဝါးဖော (ရန်ကုန်တိုင်းဒေသကြီး)က ရရှိပြီး အသန့်ရှင်းဆုံး အသင်းဆုကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းက ရရှိသွားသည်။

ကိုကိုစိုးညွန့်

● ဂျူဗင်တပ်မှ

ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားခဲ့သော ပီအက်စ်ဂျီအသင်းနှင့် ဗလင်စီယာအသင်းတို့၏ ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ဒုတိယအကျော့ ရှုံး/ထွက်ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သော်လည်း စပိန်မြေသို့ သွားရောက်ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ဗလင်စီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိထားခဲ့သည်။

ထို့ကြောင့် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ ၁၈ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခွင့်ရရှိခဲ့ပြီလည်း ဖြစ်သည်။

ရွှေပန်းကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၇

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မတ် ၅ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအုပ်စု ရွှေပန်းကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ မှတ်တိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက မီးလင်းရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဘေဘီအုန်းက ကျေးရွာမီးလင်းရေးကော်မတီသို့ ကျေးရွာ မီးလင်းရေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

စစ်ကိုင်းမြို့နယ်၌ မီးဘေးထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

စစ်ကိုင်း မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဘောက်သောက်ကျေးရွာတွင် မတ် ၄ ရက် နံနက် ၄ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ထောင်စု ၂၃ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မီးဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မတ် ၅ ရက် ညနေတွင် အဆိုပါကျေးရွာရှိ ဝတ်ကျောင်းဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုတွင်းအင်ဝန်ကြီး ဦးသန်းထိုက်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်အားပေးကြပြီး အလှူရှင်များက ထောက်ပံ့ကူညီပေးကြသည်။

ဇော်မြင့်နိုင်(ခရိုင် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၇

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကို ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ဝဲကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ပါဝင်သော အဖွဲ့သည် မတ် ၂ ရက်မှ ၅ ရက်အထိ ဝဲကြီး၊ ကျောင်းကုန်း၊ သရက်ပင်၊ ကျောက်ခွက်နှင့် အင်းတိန်ကျေးရွာများသို့ ကွင်းဆင်း၍ တစ်အိမ်တက်ဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါအဖွဲ့သည် အိမ်ပေါင်း ၃၀၀ ကို စစ်ဆေးမှုများပြုလုပ်ပြီး မီးအသုံးပြုရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကြကာ အိမ်တိုင်း မီးချိတ်၊ မီးကပ်၊ သဲ၊ ရေနှင့် ညကင်းစောင့်များ ထားရှိကြရေး ဆွေးနွေးမှာကြားခဲ့ကြသည်။

အလားတူ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်များကို ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

နေပြည်တော် မတ် ၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အာဟာရဌာနစိတ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ အစားအစာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၅) ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ဆက်လက်ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ)ဦးအောင်ထွဏ်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ Mr. Erminic Socco (Chief Technical Advisor, IPC, Asia Project)က Forging multi stakeholder Partnerships in NPAFN အကြောင်းနှင့် National Consultant Dr. Maria Antenia G. Tuagan က Linking NPAFN with global initiatives အကြောင်းတို့ကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒေါက်တာမေခင်သန်း (ဒုတိယညွှန်ကြားရေးမှူး/အာဟာရ) က Process for formulation and Revision of 3rd NPAFN နှင့် Causal Analysis to Identification of Strategic Direction and Objectives နှင့် တက်ရောက်လာသော ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများက ၎င်းတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးဦးစီးဌာန၊ ဒေသခံအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အစားအစာနှင့် အာဟာရဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ငါးဒိုင်အဆောက်အအုံ မီးလောင်ကျွမ်းမှုဖြစ်ပွား

ပုသိမ် မတ် ၇

ပုသိမ်မြို့ အမှတ်(၇)ရပ်ကွက် မာတကမ်းနားလမ်းရှိ တိုးရတနာ ငါး၊ ပုစွန်ရောင်းဝယ်ရေးဒိုင် အဆောက်အအုံတွင် မတ် ၂ ရက် ည ၁ နာရီခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားသည်။ တိုးရတနာ ငါး၊ ပုစွန် ရောင်းဝယ်ရေးဒိုင်၏ အသုံးမပြုသော အဆောက်အအုံတွင် ညစောင့်အဖြစ်ထားရှိသူ ချစ်စန်းက ညအချိန်အဆောက်အအုံအတွင်း ငါးထည့် ပလတ်စတစ်သေတ္တာပုံးအပေါ်၌ ဖယောင်းတိုင်မီးထွန်း၍ အိပ်ပျော်သွားရာမှ မီးစတင်လောင်ကျွမ်းခြင်း ဖြစ်သည်။ မီးကိုပေါ့ဆစွာသုံးစွဲသူ ချစ်စန်းအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၅၂)

မတ် ၅ ရက်က လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာနေ ဦးခင်မောင်မိသားစု စိုက်ပျိုးထားသော စိန်ချယ်ပန်းဖြစ်ထွန်းအောင်မြင်မှုက ဂန္ဓမာပန်းမျိုးစုံဈေးကွက်ကို တုန်လှုပ်ချောက်ချားအောင် ပန်းများ ဝေဆာပွင့်ပြီး ပန်းဈေးကွက်ကို လှမ်းမျှော်ကြည့်နေသလို တွေ့ရစဉ်။

(ထွန်းဝင်း)

မြို့တွင်းရေးရာ

အစည်းအဝေးဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် မတ် ၇

စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းနှင့် အာဆီယံ Rubber Based Product Working Group တို့ ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် The 7th Task Force on Rubber Based Product Meeting and the 16th ACCSQ-RBPWG Meeting ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပရာ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားသည်။

ASEAN Consultative Committee of Standard and Quality (ACCSQ) ၏ အဖွဲ့ခွဲတစ်ခုဖြစ်သော Rubber Based Product Working Group (RBPWG) က ၂၀၁၅ ခုနှစ် ASEAN Economic Community အတွင်း ရော်ဘာပစ္စည်းနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများ အချင်းချင်း ရော်ဘာကုန်ပစ္စည်းများကို Standard Specification တစ်ပြေးညီ ဖြစ်စေရန်၊ Products များကို နိုင်ငံများ၏ လိုအပ်ချက်နှင့်အညီ Hermony ဖြစ်စေရန် ရည်ရွယ်၍ ဤအစည်းအဝေးများကို နှစ်စဉ် အလှည့်ကျ ကျင်းပကြကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

မတ် ၄ ရက်ကလည်း Chatrium Hotel ၌ Malaysian Rubber Board အဖွဲ့နှင့် ပူးပေါင်း၍ e-precision A Green, Versatile and User Friendly web- Based System for Proficiency Testing (PT) Program သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

(သတင်းစဉ်)

မအူပင်ဒေသတွင် တည်ငြိမ်အေးချမ်းမှုများရနေ နစ်နာမှုများအတွက် စီစဉ်ဖြေရှင်းလျက်ရှိကြောင်း သိရ

ရန်ကုန် မတ် ၇

လွန်ခဲ့သော ဖေဖော်ဝါရီလကုန်ပိုင်းက ပဋိပက္ခဖြစ်ပွားခဲ့သော မအူပင်ခရိုင် မလက်တိုကျေးရွာအုပ်စုရှိ ပလောင်ကျေးရွာတွင် ယခုအခါ တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီး နစ်နာမှုများအတွက် ဖြေရှင်းပေးရန် စီစဉ်နေကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သတင်းရရှိသည်။

အဆိုပါ ဖြစ်စဉ် ပြီးနောက် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ မှန်မှန်ကန်ကန်နှင့် မျှမျှတတဖြစ်စေရန် ကွင်းဆင်းစာရင်း ကောက်ယူမှုများ လုပ်ဆောင်နေကြောင်း သိရသည်။ ထိုဖြစ်စဉ်ကြောင့် ထိုခိုက်ဒဏ်ရာရရှိသူများ အနက်မှ မတ် ၃ ရက်အထိ စာရင်းအရ ဆေးရုံတွင် ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံအမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦးသာကျန်ရှိပြီး ဒဏ်ရာရသူများမှာ သက်သာကောင်းမွန်လာကြခြင်းကြောင့် ဆေးရုံမှ ဆင်းသွားကြပြီဖြစ်ကြောင်း သိရသည်။

ထိုဒေသတွင် ဒေသခံများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များက လုပ်ငန်းရှင်များနှင့်လည်း ညှိနှိုင်းနေပြီး နစ်နာမှုများအတွက် စာရင်းကောက်ကာ မှတ်တမ်းပြုစုနေကြသည်။ "ဒီနေ့ မတ် ၄ ရက်မှာ စာရင်းကောက်နေကြတာဖြစ်ပါတယ်။ ဘယ်လိုနစ်နာလဲ၊ ဘယ်လောက်အထိ နစ်နာနေလဲ၊ ရေရှည်မှာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွေ အခြေအနေဘယ်လို ရှိနိုင်လဲ စတဲ့ တွက်ချက်လုပ် ဆောင်မှုတွေ၊ စာရင်းကောက်ယူမှုတွေနဲ့ လုပ်ဆောင်နေပါတယ်။ နှစ်ဖက်စလုံးပေါ့၊ ဒေသခံတွေအတွက်လည်း အဆင်ပြေအောင်၊လုပ်ငန်းရှင်အတွက်လည်း သိက္ခာမကျအောင် လုပ်ငန်းရှင်ဘက်ကလည်း လျှော့တန်တာလျှော့ပေါ့၊ အဲဒီလိုနဲ့ ပဋိပက္ခမဖြစ်စေဖို့ ကတ္တိပါလက်အိတ်စွပ်ပြီး ကြိုးစားဖြေရှင်း ပေးနေကြပါတယ်"ဟု ခရိုင်အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ထိုဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့မှ ဒုတိယတပ်ကြပ်အဆင့်ရှိသူတစ်ဦး သေဆုံးခဲ့ပြီး ၎င်းသေဆုံးချိန်တွင် ဇနီးသည်မှာ ကိုယ်ဝန်နှင့်အတူ ကျန်ခဲ့ကြောင်း သိရသည်။ ထိုင်းကန်တွင် ထုတ်ပြန်ထားသော ပုဒ်မ (၁၄၄)ကိုလည်း မတ် ၂ ရက်တွင် ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

(မြဝ)

ယာဉ်ကွေ့ရာတွင် အချက်ပြမီး အသုံးမပြုသောကြောင့် လမ်းသွားလမ်းလာများ အန္တရာယ်ဖြစ်စေနိုင်

ရန်ကုန် မတ် ၇

ရန်ကုန်မြို့တွင်း ယာဉ်အသွားအလာထူထပ်သည့် လမ်းမကြီးများနှင့် လမ်းသွယ်များမှ ထွက်လာသော ယာဉ်များသည် တစ်ဖက်ယာဉ်ကြောသို့ ကွေ့ဝင်သည့်အခါ အချက်ပြမီး အသုံးမပြုသောကြောင့် လမ်းသွား လမ်းလာ ပြည်သူများမှာ နေ့စဉ်ယင်းပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ဝေထားသော ယာဉ်မောင်းသူများ လက်စွဲစာအုပ်၌ ယာဉ်ကွေ့ရာတွင် သတိပြုရမည့် အချက် ၁၃ ချက်နှင့် ရပ်ခြင်း၊ ရပ်ဆိုင်းခြင်းဆိုင်ရာ လိုက်နာရမည့် အချက် ၂၇ ချက်နှင့် အခြားအချက်အလက်များ အသီးသီးပါရှိသည်။

အဆိုပါအချက်များမှ သတိပြုရမည့် အချက်များတွင် ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ မရှိသော လမ်းဆုံလမ်းခွတွင် လက်ယာဘက်သို့ ကွေ့လိုလျှင် လက်ယာဘက်သို့ကပ်၊ အမြန်နှုန်းလျှော့၊ အန္တရာယ်ကင်းမှ ကွေ့ခြင်းဖြင့်လည်းကောင်း၊ လက်ဝဲဘက်သို့ ကွေ့လိုလျှင် လက်ဝဲအစွန်းယာဉ်ကြော (သို့မဟုတ်) လမ်း၏ အလယ်သို့ကပ်၍ အမြန်နှုန်းလျှော့၊ လမ်းခွတွင် ခေတ္တရပ်၍ အန္တရာယ်ကင်းမှကွေ့ဝင်ခြင်းဖြင့်လည်းကောင်း၊ ယာဉ်ထိန်းအချက်ပြမီး (သို့မဟုတ်) ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူရှိသော လမ်းဆုံလမ်းခွတွင် အချက်ပြမီး (သို့မဟုတ်) ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူက ညွှန်ပြထားသည့်အတိုင်း လက်ယာဘက်သို့ ကွေ့ခြင်းဖြင့်လည်းကောင်း၊ အလားတူ ညွှန်ပြထားသည့်အတိုင်း လက်ဝဲဘက်သို့ ကွေ့ခြင်းဖြင့်လည်းကောင်း၊ လမ်းမ၏ လက်ဝဲ (သို့မဟုတ်)လက်ယာဘက်ရှိ လမ်းသွယ်ထဲသို့ ကွေ့ဝင်လိုလျှင် ကွေ့ဝင်ရမည့် တစ်ဖက်တစ်ချက်သို့ ကပ်မောင်း၍ အမြန်နှုန်းလျှော့၊ အန္တရာယ်ကင်းမှကွေ့ဝင်ခြင်းဖြင့်လည်းကောင်း၊ ယာဉ်ကွေ့မည်ဖြစ်ကြောင်း၊ အချက်ပြခြင်းကို ကွေ့မည့်နေရာသို့ မရောက်မီ အနည်းဆုံး ၃၀ ဒသမ ၅ မီတာ (ပေ ၁၀၀)မှ ကြိုတင်၍ ပြရမည်ဖြစ်ကြောင်း စသည်တို့ အသီးသီးပါရှိပေသည်။

ထိုသို့ အချက်ပြမီး အသုံးပြုမှု၊ လိုက်နာမှု လွန်စွာနည်းပါးသည်ကို တွေ့နေရပြီး လမ်းသွားလမ်းလာ ပြည်သူများ လမ်းဖြတ်ကူးရာတွင် ယာဉ်ကွေ့မည်ကိုမသိရှိဘဲ ရှေ့တိုး၊ နောက်ဆုတ်နှင့် နောက်ဆုံးယာဉ်တိုက်မှုပေါင်း မနည်းကြုံတွေ့နေရသော ပြဿနာများပင်ဖြစ်ပေသည်။ ယာဉ်ကွေ့ရာတွင် အချက်ပြမီး အသုံးမပြုသော ယာဉ်များအား ရှေ့မီး၊ နောက်မီး၊ အချက်ပြမီး အလုံးစုံကို စစ်ဆေး၍ ချက်ချင်းအရေးယူသင့်ပေသည်။ နိုင်ငံတော်စံနှုန်းနှင့်အညီ အဘက်ဘက်မှ ဝန်ဆောင်မှုပေးနေသော မိမိတို့နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော စည်းကမ်းကို တိကျလေးစားလိုက်နာရမည်ဖြစ်သကဲ့သို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ပို၍ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း လမ်းသွားလမ်းလာပြည်သူများအတွက် တင်ပြအပ်ပါသည်။

(စိုးဝင်း - MLA)

စာအုပ် စာပေ လူ့မိတ်ဆွေ

ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ကြော်ငြာဆိုင်းဘုတ်များကိုလည်း စနစ်တကျစိုက်ထူထားရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။ ကြော်ငြာဆိုင်းဘုတ်များနှင့်ပတ်သက်၍ မြို့နယ်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့်နေရာများ၌ ကြော်ငြာလိုသည့် လုပ်ငန်းများကိုဖော်ပြ၍ လျှောက်ထားနိုင်ပါသည်။ ကြော်ငြာဆိုင်းဘုတ်လျှောက်ထားလိုသူများသည် မြို့တော်ခန်းမရှိ စီမံရေးရာဌာန၊ လုပ်ငန်းရေးရာဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် ၁၁-၃-၂၀၁၃ရက်မှ ၂၀-၃-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ (အသေးစိတ်အချက်အလက်များကို စီမံရေးရာဌာန၊ ကြော်ငြာသင်ပုန်းတွင် ကြည့်ရှုနိုင်ပါသည်။)

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 10000

ပြင်ဆင်ဖတ်ရှုပါရန်

မတ်လ ၆ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅)တွင် ပါဝင်သော မန္တလေးတိုင်းရင်းဆေး ဒီပလိုမာ အပတ်စဉ်(၆၊ ၇၊ ၈၊ ၉)အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာကြော်ငြာ အောက်ဆုံးပိုဒ်တွင်ပါဝင်သည့် ကမ္ဘောဇ(ဗဟန်းဘဏ်ခွဲ)ငွေစုစာရင်းအမှတ်(၀၄၁၂၂၀၀၀၇၁၀၇)အစား ငွေစုစာရင်းအမှတ်(၀၄၂၁၂၂၀၀၀၇၁၀၇)သို့ ငွေလွှဲလှူဒါန်းနိုင်ပါကြောင်း ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ဝေယံပိုင်၏ CDC အမှတ်-၆၇၉၈၆ စာအုပ်သည် ရုံးလုပ်ငန်းများဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၇၃၁၀၀၃၈၅

COHABO
ချောင်းသာ/ငွေဆောင်
ဝရိတ်ငြိမ်း-65000
Ph-203519
09 516 1773, 09 731 61773

ခေတ်ရှေ့ဆောင်
ကျောင်းသားရေးနှောင်း ချင်းပြည့်နယ်၊ တာချီလိတ်

ပျောက်ဆုံး
ကျွန်မ မနော်အက်ဖော့၏ နိုင်ငံကူးလက်မှတ် ၈၃၂၁၇၄မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၅၃၂၀၁၃

PROMISE မတ်လထုတ်ထွက်ပြီ
ဘဝနဲ့ဆန္ဒထပ်တူကျနေတဲ့ နန်းဆုရတီစိုး၊ သီချင်းဆိုတဲ့အချိန်ကာလဟာ အကောင်းဆုံးပါဆိုတဲ့ ဖြူဖြူကျော်သိန်း၊ ကိုယ်သဘောကျတဲ့ကားတွေကို ရွေးချယ်လက်ခံလို့ ကျေနပ်မှုရနေတဲ့ သဥ္ဇာနွယ်ဝင်း၊ တောင်ပံပြာနဲ့ အလှဆင်ခြင်း၊ နွေရာသီနှင့်ရေကူးဝတ်စုံဖက်ရှင်၊အသားကပ်ဘောင်းဘီဖက်ရှင်၊ ချန်လုံး၏နောက်တွဲအပွင့်ဆံထုံးဖန်တီးမှု၊ ချန်လုံး၏ သကြံန်စတိုင်ဖက်ရှင်၊ သွားဖုံးရောင်ရောဂါ၏ နောက်ဆက်တွဲပြဿနာများ၊ ခန္ဓာကိုယ်ကျော့ရှင်းလှပစေမည့် အစားအစာ ၆ မျိုး၊ အရသာရှိရှိ အစားအစာတွေနဲ့ ကိုယ်အလေးချိန် လျှော့ချကြပါစို့၊ လူငယ်တွေကို သမိုင်းသင်ပေးကြပါ၊ ဆာလောင်မွတ်သိပ်မှုဒဏ်ကို ဖြည့်ဆည်းပေးမည့်သလဲသီး၊ ပျိုမေတို့အတွက် စိတ်ကြိုက်ဖက်ရှင်၊ သွားသွားလာလာကိုင်ချင်စရာ၊ တစ်မျက်နှာဝတ္ထုတို၊ ဝတ္ထုရှည်ကဏ္ဍစုံလင်စွာဖြင့် ဖတ်ရှုနိုင်ပါပြီ။

Downton Abbey ဇာတ်ကားတွင် သရုပ်ဆောင်ခြောက်ဦး ထပ်မံဖြည့်စွက်

ဗြိတိန်နိုင်ငံ၏ နာမည်ကျော်ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သော Downton Abbey ၏ အသစ်ထွက်ရှိလာမည့် Season 4 တွင် သရုပ်ဆောင်သစ်ခြောက်ဦး ထပ်မံပါဝင်လာမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကား ထုတ်လုပ်သူက ပြောကြားသည်။

အဆိုပါ သရုပ်ဆောင်သစ်များမှာ ခရောလ်မီမီသားစု၏ ငယ်သူငယ်ချင်းဟောင်း လော့ဒ်ဂေးလ်လင်ဟမ်အဖြစ် သရုပ်ဆောင် တွမ်ကယ်လ်လမ်၊ ဟိုတယ်သို့ အလည်အပတ်ရောက်ရှိလာသူအဖြစ် သရုပ်ဆောင် နီဂယ်ဟာမန်ကလည်းကောင်း၊ လေဒီရှကဲလ်လီထန်အဖြစ် သရုပ်ဆောင် ဒိန်းဟာရိတ်ဝေါလ်တားတို့က ပါဝင်သရုပ်ဆောင်ထားကြကြောင်း ဟောလိဝုဒ် ရီပိုတာသတင်းဌာနက သတင်းဖော်ပြသည်။

ထို့အပြင် သရုပ်ဆောင် ဒိမ်းကီရီတီကန်နဝါ၊ ဧည့်သရုပ်ဆောင်အဖြစ် သရုပ်ဆောင် ဂွန်နာဒေးဗစ်၊ ချာလီဘလိတ်ခ်၏ မင်းမျိုးမင်းနွယ်တော်စပ်သူအဖြစ် သရုပ်ဆောင် ဂျူလီယန်အိုဗန်ဒန်တို့က သရုပ်ဆောင်သစ်များအဖြစ် ထပ်မံပါဝင်အားဖြည့်ထားကြသည်။

" Downton Abbey ဇာတ်ကားမှာ မတူညီတဲ့ ခက်ခဲတဲ့သရုပ်ဆောင်ကွက်တွေ အများကြီး ပါဝင်ပါတယ်။ ဒါ့ကြောင့် မျက်နှာသစ် သရုပ်ဆောင်တွေကို မခေါ်တော့ဘဲနဲ့ ပုံမှန်သရုပ်ဆောင်တွေကိုပဲ ဒီဇာတ်ကားရဲ့ Season 4 မှာ ပါဝင်ဖို့ ရွေးချယ်ခဲ့တာပါ။ ပရိသတ်တွေအနေနဲ့လည်း ကျွန်တော်တို့နဲ့ထပ်တူပဲ သရုပ်ဆောင်သစ်တွေကို ရင်ခုန်စွာစောင့်ကြည့်ကြမယ်လို့ မျှော်လင့်ပါတယ်"ဟု ယင်းဇာတ်ကားထုတ်လုပ်သူ Gareth Neame က ပြောကြားခဲ့သည်။

အဆိုပါ Downton Abbey ဇာတ်ကားကို ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ခဲ့ပြီး ၎င်းဇာတ်ကားသည် အမ်မီဆုနှစ်ဆု၊ ရွှေကမ္ဘာလုံးဆု နှစ်ဆုနှင့် Screen Actors Guild ဆုတို့ကို ရရှိဆွတ်ခူးခဲ့သော ဇာတ်ကားတစ်ကားဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်

ဟာသဇာတ်ကားကြိုက်ပရိသတ်များအတွက် Princess and Seven Kung Fu Master

ဟာသဇာတ်ကားကြိုက်ပရိသတ်များအတွက် ကွန်ဖူးသိုင်းကွက်များနှင့်အတူ ဟာသ ရသတို့ကို ပေါင်းစပ်ဖန်တီးထားသည့် Princess and Seven Kung Fu Master ဇာတ်ကားအား မတ် ၈ ရက်တွင် ဖြန့်ချိရုံတင်သွားမည်ဖြစ်သည်။

ယင်းဇာတ်ကားကို ဒါရိုက်တာ ဝေါင်ဂျင်းရိုက်ကူးပြီး မင်းသား ဝေါင်ချိုလမ်၊ မင်းသမီး စန်ဒရာနနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သည်။ ကိုယ်ခံပညာကျွမ်းကျင်မှုနှင့် မိန်းမလှတစ်ဦး၏အချစ်တို့ကို ကြိုးစားရယူပုံနှင့်အတူ ဘောလိဝုဒ်ဇာတ်ကားများမှ အိန္ဒိယစုပေါင်းကကွက်များကို အတုယူထည့်သွင်းထားရာ ပရိသတ်များ သဘောကျနှစ်သက်စေမည်ဟု ဒါရိုက်တာဝေါင်က ညွှန်းဆိုထားသည်။

၎င်းကဆက်လက်ပြီး "ကျွန်တော်ဒီဇာတ်ကားကို ရိုက်ကူးစဉ်က သရုပ်ဆောင်တွေကို အတတ်နိုင်ဆုံး တစ်ဦးနှင့် တစ်ဦး မျက်လုံးချင်းမဆုံအောင် ရှောင်ခိုင်းခဲ့ပါတယ်။ ဒါမှ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး မရယ်မိမှာဗျ" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

Princess and Seven Kung Fu Master ဇာတ်ကား၏ နောက်ခံတေးသီချင်းအဖြစ် ကျော်ကြားသောဂန္ထဝင်သီချင်းဖြစ်သည့် The Girl Across is looking Over ကို ရွေးချယ်ထားရာ ဇာတ်ကားနှင့်အချိတ်အဆက်မိပြီး ပရိသတ်ကို အူမြူးစေမည်ဟု ထပ်လောင်းညွှန်းဆိုထားသည်။

ဇေယျာလင်း

ကလီယိုပတ်ထရာဇာတ်ကားမှ သရုပ်ဆောင်အား Walk of Fame အဖြစ် ဂုဏ်ပြု

၁၉၆၃ ခုနှစ်က ထွက်ရှိခဲ့သော "ကလီယိုပတ်ထရာ" ဇာတ်ကားထွက်ရှိသည့် နှစ် (၅၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အနေဖြင့် ကွယ်လွန်သွားပြီဖြစ်သော ယင်းဇာတ်ကားမှ သရုပ်ဆောင် ရစ်ချ်ချက်ဘာတွန်အား ဟောလိဝုဒ်၏ Walk of Fame အဖြစ် ဂုဏ်ပြုပေးခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ရစ်ချ်ချက်ဘာတွန်အား Hollywood Walk of Fame ၏ ၂၄၉၁ ဦးမြောက်သော အနုပညာရှင်အဖြစ် ဂုဏ်ပြုပေးခဲ့ပြီး ဂုဏ်ပြုဆုလက်မှတ်ကို ၎င်း၏ ဇနီးဖြစ်သူ အဲလိဇဘတ်တေလာအား ပေးအပ်ခဲ့သည်။

အဲလိဇဘတ်တေလာသည်လည်း မကြာသေးမီကမှ Hollywood Walk of Fame အဖြစ် ဂုဏ်ပြုခံထားရသည့် သရုပ်ဆောင်တစ်ဦးဖြစ်ပြီး ၎င်းတို့ဇနီးမောင်နှံနှစ်ဦးသည် Who's Afraid of Virginia Woolf ဇာတ်ကားနှင့် The Taming of the Shrew ဇာတ်ကားများအပါအဝင် ဇာတ်ကား ၁၀ ကားတွင် အတူတကွပါဝင်သရုပ်ဆောင်ထားကြသည်။

ကွယ်လွန်သွားပြီဖြစ်သော သရုပ်ဆောင် ရစ်ချ်ချက်ဘာတွန်သည် ဂီတနှင့် ရုပ်ရှင်ပညာဆိုင်ရာကောလိပ်တစ်ခုဖြစ်သည့် Royal Welsh ကောလိပ်ကျောင်းဆင်းတစ်ဦးဖြစ်သည်။ "ဒီကျောင်းက ဘာတွန်လို သရုပ်ဆောင်ကောင်းတစ်ဦး မွေးထုတ်ပေးပြီးတဲ့နောက်ပိုင်းမှာ အနာဂတ်မျိုးဆက်သစ်တွေကိုလည်း အဲဒီလိုတော်တဲ့သူတွေဖြစ်ဖို့ ဆက်လက်ပြုစုပျိုးထောင်သွားမှာပါ၊ ဒီကျောင်းမှာ ပညာသင်ယူနေကြတဲ့ ဒီဇိုင်နာတွေ၊ နည်းပညာရှင်တွေ၊ မန်နေဂျာတွေရဲ့ အရည်အသွေးတွေကိုလည်း ဆက်လက်မြှင့်တင်ပေးသွားမှာပါ"ဟု အဆိုပါကောလိပ်မှ ဒါရိုက်တာ လူစီစကော့က ပြောကြားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
လမ်း-တံတားအသုံးပြုခ လေလံလုပ်ကိုင်ခွင့် မဲစနစ်ခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း-တံတားအသုံးပြုခကောက်ခံနေသော အောက်ဖော်ပြပါ လမ်းနှင့်တံတားများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၄ ရက်အထိ လမ်း၊ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလိုင်စင် (၁၂)လလုပ်ကိုင်ခွင့်အား နိုင်ငံသားလုပ်ငန်းရှင်များသို့ မဲစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့် လမ်းအသုံးပြုခကောက်ခံရေးစနစ်များ**
- ပြည်ထောင်စုလမ်းပေါ်ရှိလမ်းဂိတ်များ
  - (၁) အိမ်ရှေ့ပြင်ဂိတ် (ထားဝယ်မြို့နယ်)
  - (၂) ပေါက်တိုင်းဂိတ် (ထားဝယ်မြို့နယ်)
- တိုင်းဒေသကြီးလမ်းပေါ်ရှိလမ်းဂိတ်များ
  - ဗျာတောဝဂိတ် (ထားဝယ်မြို့နယ်)

(ခ) **လေလံတင်ရောင်းချမည့်တံတားအသုံးပြုခကောက်ခံမည့်တံတားများ**
- ပြည်ထောင်စုလမ်းပေါ်ရှိ တံတားဂိတ်များ
  - (၁) ကလိန်အောင်တံတား (ကလိန်အောင်မြို့နယ်ခွဲ)
  - (၂) ဝင်းဝတံတား (သရက်ချောင်းမြို့နယ်)
  - (၃) ပလောက်တံတား (ပလောက်မြို့နယ်ခွဲ)
  - (၄) ပုလောတံတား (ပုလောမြို့နယ်)
- တိုင်းဒေသကြီးလမ်းပေါ်ရှိတံတားများ
  - ကမြောကင်းတံတား (ထားဝယ်မြို့)

(ဂ) **လေလံလုပ်ကိုင်ခွင့်စည်းကမ်းများဝယ်ယူနိုင်သောနေရာ**
အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။

(ဃ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်စွဲနှင့်အချိန်**
၁၈-၃-၂၀၁၃ ရက် ညနေ ၁၆း၃၀ နာရီ

(င) လေလံမဲစနစ်ဖွင့်လှစ်မည့်ရက်စွဲနှင့်အချိန်
၁၉-၃-၂၀၁၃ ရက် နံနက် ၉း၀၀ နာရီ

(စ) **လေလံမဲစနစ်ဖွင့်လှစ်မည့်နေရာ-**
မြို့တော်ခန်းမ၊ လေယာဉ်ကွင်းလမ်း၊ ထားဝယ်မြို့။

၂။ လေလံလုပ်ကိုင်ခွင့်စည်းကမ်းချက်များအား တစ်စုံလျှင်အောက်ဖော်ပြပါ သတ်မှတ်ထားသောစိတ်ပါဝင်စားကြေးနှုန်းဖြင့် ၈-၃-၂၀၁၃ ရက်မှစ၍ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် ဝယ်ယူနိုင်ပါသည်-

(က) လေလံကြမ်းခင်းဈေးကျပ်သိန်း (၃၀၀ အထိ) ကျပ်-၁၀၀၀၀၀/-

(ခ) လေလံကြမ်းခင်းဈေးကျပ်သိန်း(၃၀၁ မှ ၆၀၀အထိ) ကျပ်-၂၀၀၀၀၀/-

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက အင်ဂျင်နီယာမှူးကြီးရုံး၊ ဖုန်း-၀၅၉-၂၁၁၁၄၊ ၀၅၉-၂၃၅၇၀သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လမ်း-တံတားအသုံးပြုခ/လေလံလုပ်ကိုင်ခွင့်လေလံတင်ရောင်းချရေးကြီးကြပ်မှုအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

အမြန်ပြန်လာပါ

တစ်စုံတစ်ဦး၏ ဖြားယောင်းသွေးဆောင်မှုကြောင့် ဒေါ်စိုးသန္တာမျိုးကျော်[၁၂/ဗတထ(နိုင်)၀၃၅၈၂၅] အပေါ်ပုံသည် နေအိမ်မှထွက်သွားပါသည်။ သမီးလေး အရမ်းသတိရနေသည်။ အမြန်ပြန်လာပါ၊ အားလုံးခွင့်လွှတ်သည်၊ ဖြားယောင်းသွေးဆောင်ထားသူနှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်၊ သတင်းပေးသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၅၂၇၁၆၄၅၊ ၀၉၅၁၈၇၉၈၆





ကွာရှင်းပြတ်စဲကြောင်းကြေညာခြင်း

ကျွန်တော် ဦးစိုးတင့်ဆွေ[၅/ပလန(နိုင်)၀၅၃၁၂၉]နှင့် မမြဝတ်ရည်[၇/ပခန(နိုင်)၂၄၃၃၅၄]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှစ၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ယနေ့မှစ၍ မမြဝတ်ရည်၏ ကိစ္စအဝဝနှင့်ပတ်သက်၍ ကျွန်ုပ်ဦးစိုးတင့်ဆွေနှင့် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုးတင့်ဆွေ
[၅/ပလန(နိုင်)၀၅၃၁၂၉]

အက်ဖ်အေဖလားရင်ခုန်သံ

လာမယ့် မတ် ၉၊ ၁၀ ရက်တွေမှာ အက်ဖ်အေဖလားကွာတားအဆင့်ပွဲတွေကို ကျင်းပသွားဖို့ရှိပြီး ဒီပွဲစဉ်မှာ မန်ယူနဲ့ ချယ်လ်ဆီးတို့ဆုံတွေ့နေသလို အဲဗာတန်နဲ့ ဝီဂန်၊ မီဝေါလ်နဲ့ ဘလက်ဘန်းတို့လို အဆင့်တူအသင်းတွေ ဆုံတွေ့နေလို့လည်း အကြိတ်အနယ်ရှိပါမယ်။ အဆိုပါ အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တွေမှာ မန်စီးတီး၊ အဲဗာတန်တို့ နိုင်ပွဲရဖို့ အလားအလာကောင်းနေပြီး ပရီမီယာလိဂ်ထိပ်တန်းကလပ်တွေဖြစ်တဲ့ မန်ယူနဲ့ ချယ်လ်ဆီးတို့ပွဲမှာတော့ မန်ယူအသင်းနိုင်ပွဲရယူနိုင်ဖို့ ရှုန်းကန်ရမှာပါ။

အဲဗာတန် Vs ဝီဂန် ည ၇း၁၅နာရီ(၉-၃-၁၃)

နောက်ဆုံးတွေ့ဆုံမှု (၂၆-၁၂-၂၀၁၂) အဲဗာတန် ၂ - ၁ ဝီဂန်

ပရီမီယာလိဂ်နှစ်သင်း ဆုံတွေ့တဲ့ပွဲဖြစ်လို့ အကြိတ်အနယ်ရှိမှာပါ။ အထူးသဖြင့် အဲဗာတန်ဟာ အိမ်ကွင်းမှာ နောက်တစ်ဆင့်တက်ဖို့ အားစိုက်လာမှာဖြစ်တယ်။ အဲဗာတန်ဟာ လက်ရှိခြေစွမ်းပိုင်း အနည်းငယ်အားနည်းနေပေမယ့် ဝီဂန်ကို အိမ်ကွင်းမှာလက်ခံကစားရတဲ့အခါ ရလဒ်ကောင်းမွန်လေ့ရှိတယ်။ ဝီဂန်ခြေကတော့ လက်ရှိအားပျော့မှုတွေ ရှိပါတယ်။ အဝေးကွင်းမှာ ကစားပုံတည်ငြိမ်မှုအားနည်းတတ်တယ်။

မန်စီးတီး Vs ဘန်စလေ နံနက် ၀၀း၀၀နာရီ(၁၀-၃-၁၃)

နောက်ဆုံးတွေ့ဆုံမှု (၁-၈-၂၀၀၉) ဘန်စလေ ၁ - ၁ မန်စီးတီး

ပရီမီယာလိဂ်ဆုဖလားကာကွယ်ဖို့ ခက်ခဲနေတဲ့မန်စီးတီးဟာ အက်ဖ်အေဖလားမှာ အောင်ပွဲရရှိရေး အိမ်ကွင်းမှာ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်နေပြီး တိဗက်ဇ်အဂူရိုတို့ ဦးဆောင်တဲ့ မန်စီးတီး တိုက်စစ်ကလည်း နောက်ပိုင်းပွဲတွေမှာ ဂိုးသွင်းခြေထက်မြက်နေတယ်။ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအမှတ်ပေးဇယား အောက်ခြေမှာရပ်တည်နေရတဲ့ ဘန်စလေရဲ့ အသင်းလိုက်ရုန်းအားမဆိုးသလို အဝေးကွင်းမှာလည်းကစားပုံ ကောင်းမွန်နေတယ်။ ဒါပေမယ့် ဘန်စလေအသင်းခံစစ် မန်စီးတီးတိုက်စစ်ကို ခက်ခက်ခဲခဲ ထိန်းချုပ်ရနိုင်တယ်။

မီဝေါလ် Vs ဘလက်ဘန်း ည ၈း၃၀နာရီ(၁၀-၃-၁၃)

နောက်ဆုံးတွေ့ဆုံမှု (၂၄-၁၁-၂၀၁၂) ဘလက်ဘန်း ၀- ၂ မီဝေါလ်

ဘလက်ဘန်းက ပဋ္ဌမအဆင့်မှာတုန်းက အာဆင်နယ်ကို ကျော်ဖြတ်ခဲ့ပေမယ့် ခြေစွမ်းသာမန်သာရှိပြီး နောက်ပိုင်း အဝေးကွင်းပွဲစဉ်တွေမှာ ကစားအားကျနေသလို တိုက်စစ်ကလည်း ဂိုးပေါက်ပျောက်နေတာမို့ မီလ်ဝေါလ်အသင်းခံစစ်ကို ဖိအားပေးနိုင်ဖို့မလွယ်ဘူး။ မီလ်ဝေါလ်က အိမ်ကွင်းမှာ ရုန်းအားကောင်းမွန်မှုရှိပြီး လက်ရှိခြေစွမ်းလည်း အနည်းငယ်ပိုမိုတည်ငြိမ်တာမို့ ဘလက်ဘန်းအတွက် အခက်တွေ့နိုင်တယ်။

ပရီမီယာလိဂ် ရင်ခုန်သံ -၂၉

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၂၉)ကို လာမယ့် မတ် ၉၊ ၁၀ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်(၂၉)ဟာ အက်ဖ်အေဖလားပြိုင်ပွဲနဲ့ တစ်ရက်တည်း ကျင်းပသွားမှာလည်းဖြစ်တာကြောင့် ဒီပွဲစဉ်မှာ အက်ဖ်အေဖလားကစားကြရမယ့် မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီး၊ အဲဗာတန်တို့ရဲ့ ပွဲစဉ်တွေ ပါဝင်မှာ မဟုတ်ဘဲ ခြောက်ပွဲတည်းသာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဝက်စ်ဘရွန်း Vs ဆွမ်ဆီး ည ၉း၃၀နာရီ(၉-၃-၁၃)

ပထမအကျော့ရလဒ် (၂၉-၁၁-၂၀၁၂) ဆွမ်ဆီး ၃-၁ ဝက်စ်ဘရွန်း

ဝက်စ်ဘရွန်းက ဥရောပဝင်ခွင့်ရဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ခြေစွမ်းပိုင်းတည်ငြိမ်နေပြီး အိမ်ကွင်း အားလည်းရှိနေတယ်။ ဆွမ်ဆီး Capital One ဖလားချန်ပီယံဆု ရရှိထားပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း တည်ငြိမ်မှုအားနည်းတတ်တယ်။ ဒါကြောင့် ဆွမ်ဆီးအနေနဲ့ မာကျောမှုရှိနေတဲ့ ဝက်စ်ဘရွန်းခံစစ်ကို ခက်ခက်ခဲခဲ ထိုးဖောက်ရနိုင်တယ်။

ရီးဒင်း Vs ဗီလာ ည ၉း၃၀နာရီ(၉-၃-၁၃)

ပထမအကျော့ရလဒ် (၂၈-၁၁-၂၀၁၂) ဗီလာ ၁-၀ ရီးဒင်း

လက်ရှိခြေစွမ်းပိုင်းအရတော့ သုံးပွဲဆက်ရှုံးနိမ့်ခဲ့ရတဲ့ ရီးဒင်းခြေက အားနည်းမှုတွေပိုမိုများ နေပါတယ်။ ဒါပေမယ့်လည်း ဒီပွဲကအိမ်ကွင်းမှာ ကစားရမှာဖြစ်တာကြောင့် ရီးဒင်းတို့အမှတ်ရအောင် ကြိုးစားလာမှာပါ။ ရီးဒင်းက အိမ်ကွင်းပွဲတွေမှာ ရုန်းအားကောင်းမွန်လေ့ရှိတဲ့ အချက်ကိုတော့ သတိပြုဖို့လိုတယ်။ ဗီလာခြေကလည်း သာမန်သာရှိကာ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ အကောင်းဆုံးခြေစွမ်းရရှိဖို့ ရုန်းကန်ရတတ်တယ်။

ကျူပီအာ Vs ဆန်းဒါးလန်း ည ၉း၃၀နာရီ(၉-၃-၁၃)

ပထမအကျော့ရလဒ် (၂၈-၁၁-၂၀၁၂) ဆန်းဒါးလန်း ၀ - ၀ ကျူပီအာ

တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ အသင်းနှစ်သင်းရဲ့ ရင်ဆိုင်ရမှုဖြစ်လို့ ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ပွဲဖြစ်လာမှာပါ။ ကျူပီအာဟာ ပုံမှန်ခြေစွမ်းရရှိဖို့က ရုန်းကန်နေရတယ်ဆိုပေမယ့် အိမ်ကွင်းမှာကစားရတာ ခက်ခဲတတ်တဲ့ အသင်းဖြစ်တယ်။ ဆန်းဒါးလန်းကလည်း အသင်းလိုက်ကစားပုံ မဆိုးသလို ကျူပီအာဟာ အသင်းလိုက်ကစားအား ကောင်းမွန်မှုရှိတယ်။

နော့ဝှစ်ချ် Vs ဆောက်သမ်တန် ည ၉း၃၀နာရီ(၉-၃-၁၃)

ပထမအကျော့ရလဒ် (၂၉-၁၁-၂၀၁၂) ဆောက်သမ်တန် ၁-၁ နော့ဝှစ်ချ်

ကျူပီအာကို အရေးနိမ့်ခဲ့ရမှုကြောင့် တန်းဆင်းဇုန်နဲ့ ပိုမိုနီးကပ်သွားတဲ့အတွက် ဆောက်သမ်တန်ဟာ တန်းမဆင်းရဖို့အတွက် အမှတ်ရရှိအောင် ကြိုးစားရုန်းကန်လာမှာပါ။ နော့ဝှစ်ချ်ကလည်း မန်ယူကို ဂိုးပြတ်ရှုံးပြီး တန်းမဆင်းရရေး အမှတ်လိုအပ်နေတာကြောင့် အိမ်ကွင်းမှာအမှတ်ရအောင် ခြေကုန်ထုတ်လာပါလိမ့်မယ်။ ဆောက်သမ်တန်က အဝေးကွင်းပွဲတွေမှာ ရလဒ်ကောင်းဖို့ ရုန်းကန်ရတတ်တယ်။

ရှိုင်းမင်းမင်း

မန်ယူ Vs ချယ်လ်ဆီး ည ၁၂း၀၀ နာရီ(၁၀-၃-၁၃)

နောက်ဆုံးတွေ့ဆုံမှု (၁-၁၁-၂၀၁၂) ချယ်လ်ဆီး ၅ - ၄ မန်ယူ

အသင်းကြီးနှစ်သင်းဆုံတဲ့ပွဲဖြစ်လို့ အကြိတ်အနယ်ရှိမှာပါ။ မန်ယူဟာ ဒီပွဲ မကစားခင် ရီးယဲလ်မက်ဒရစ်နဲ့ ချန်ပီယံလိဂ်ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့် ချယ်လ်ဆီးကို ဖိအားပေးနိုင်ဖို့ အကောင်းဆုံးအားစိုက်လာမှာပါ။ လက်ရှိခြေစွမ်းအရ မန်ယူက အားသာမှုရှိနေပြီး ကွင်းကလည်း အိုးထရက်ဖို့ဒ်ဖြစ်နေတယ်။ ချယ်လ်ဆီးက မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကွင်းမှာ လာရောက်ကစားရတဲ့အခါ ရုန်းကန်ရလေ့ရှိတဲ့အသင်းဖြစ်တယ်။ ချယ်လ်ဆီးက ဆုဖလားတစ်လုံးအတွက် အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းတည်ငြိမ်မှု အနည်းငယ်အားနည်းနေသလို တိုက်စစ်ကလည်း ပုံမှန်ခြေစွမ်းမရရှိသေးဘူး။ ဒါ့အပြင် ချယ်လ်ဆီးကလည်း ယူရိုပါလိဂ်ပွဲတွေကြောင့် အက်ဖ်အေဖလားပွဲမှာအဓိက ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာပါ့မလားဆိုတာ စဉ်းစားစရာဖြစ်နေတယ်။ အသင်းကြီးနှစ်သင်းရင်ဆိုင်ရမယ့်ပွဲမို့ အကြိတ်အနယ်ရှိမယ့်ပွဲကောင်း တစ်ပွဲပါ။

ဖြိုးမဟာစည် (ဖျုံးမြို့)
ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ခြင်း

ဗုဒ္ဓဘာသာဝင်များအတွက် အလိုအပ်ဆုံးနှင့် အရေးကြီးဆုံးဖြစ်သောကလေး၊လူငယ်များယဉ်ကျေးသိမ်မွေ့စေရန် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကိုပဓာနနာယက ဆရာတော်ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာ စရိယနှင့် သင်တန်းပြသံဃာတော်များ ဆရာ၊ ဆရာမများ မြို့မိ၊ မြို့ဖ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များမှကြီးမှူး၍ ဖွင့်လှစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို သင်တန်းသား/သူ ၅၀၀ ကျော်ခန့်တက်ရောက်ကာ (၁၃၇၄ခု၊ တပို့တွဲလပြည့်ကျော်(၆) ရက်) ၃-၃-၂၀၁၃(တနင်္ဂနွေနေ့)မှစတင်၍ (၁၀)ရက်တိုင်တိုင် ဖွင့်လှစ် လျက်ရှိရာ သင်တန်းတက်ရောက်လိုသူများနှင့် ကလေးများအတွက် အာဟာရကျွေးမွေးလှူဒါန်းလိုသူများသည် ဖုန်း- ၀၉-၅၃၉၀၄၁၇၊ ၀၉- ၇၃၂၁၈၀၇၄ (၀၅၄-၄၀၀၁၂၊ ၀၅၄-၄၀၇၇၁) တို့ကို ဆက်သွယ် တက်ရောက်သင်ကြားလှူဒါန်းနိုင်ပါသည်။ (လူဦးရေကန့်သတ်ထားခြင်း မရှိပါ)

စိန်ရတုမွေးနေ့ဆုတောင်း

အမျိုးဘာသာ၊ သာသနာအကျိုးနှင့် မိသားစုအကျိုးများကို အကောင်းဆုံးဖြစ်အောင် တာဝန်ကျေပွန်စွာဆောင်ရွက်ခဲ့တဲ့ ကျေးဇူးရှင်ချစ်ဖေဖေ ဦးရန်နိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၈-၃-၂၀၁၃ ရက်နေ့တွင် ကျရောက်သော (၇၅) နှစ်ပြည့်မွေးနေ့ အခါသမယမှသည် နောင်နှစ်ပေါင်းများစွာထိတိုင် ချစ်သော မေမေ၊ ချစ်သော သားသမီးမြေးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းအပေါင်းတို့နှင့် ပြည့်စုံပြီး ကောင်းကျိုးများစွာကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ် ဖေဖေ...

ချစ်ဇနီး - ဒေါ်စန်းစန်း

ချစ်သားသမီးများ - ကိုချစ်ကိုနှင့်မနိုင်၊ မြေး မောင်မင်းသုကို @ jake နှင့် မောင်ညီလေးနိုင်၊ ကိုထင်ဇော်မင်းနှင့်မချို၊ ကိုသက်နှင့်မနီလာ၊ မြေး မောင်မင်းသုဝေယံ @ Willam ကိုဝဏ္ဏ @ Brendan (NYC,USA)



ကုန်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်

ရန်ကုန်   မတ်   ၇

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းဓမ္မလမ်းတွင် မြန်မာဘီယာပုလင်းများ တင်ဆောင်လာသော ယာဉ်တစ်စီး တိမ်းမှောက်သွားပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။

ဖြစ်ပွားပုံမှာ မတ် ၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းဓမ္မလမ်း မင်းဓမ္မမီးပွိုင့် ကျိုက်ဝိုင်းမသန်စွမ်းဆေးရုံရှေ့တွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် မြန်မာဘီယာစက်ရုံမှ ယာဉ်မောင်း(ထွက်ပြေးတိမ်းရှောင်ဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် ၃က/---(ဒိုင်နာအပြာရောင်)သည် မင်းဓမ္မမီးပွိုင့်အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်သို့ တိမ်းမှောက်သွားကာ ယာဉ်ပေါ်တွင် တင်ဆောင်လာသော မြန်မာဘီယာပုလင်းများ ကွဲကြေပျက်စီးဆုံးရှုံးခဲ့ပြီး ယာဉ်၏ ရှေ့မှန်ကွဲကြေပျက်စီးသွားသည်။

အဆိုပါယာဉ်၏ ယာဉ်နောက်လိုက် သန့်ဇင်စိုး(၃၀)နှစ် အင်းစိန်မြို့နယ်နေသူ၏ ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိသဖြင့် မြောက်ဥက္ကလာပ ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

ညောင်တုန်းမြို့နယ်၌ ပိုင်ရှင်မဲ့နွားခြောက်ကောင် ထိန်းသိမ်းထား

ညောင်တုန်း   မတ်   ၇

ညောင်တုန်းမြို့နယ် ညောင်တုန်းရဲစခန်းမှ ဒုရဲအုပ်တင်မောင်ရွှေနှင့်အဖွဲ့သည် မတ် ၂ ရက် ညနေ ၃ နာရီ ၄၀ မိနစ်ခန့်တွင် ဂုံမင်းဆိပ်ကျေးရွာသို့ နယ်မြေသတင်းစုံစမ်းရန် ရောက်ရှိစဉ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ခင်နှင့် ရာအိမ်မှူး ဦးတင်ညိမ်းတို့က ဦးကျင်ထွေး၏ ပဲခင်းအစပ်တွင် နွားထီးတစ်ကောင်၊ နွားမ ငါးကောင်အား ချည်နှောင်ထားရှိသည်ကို ပိုင်ရှင်မဲ့ မသင်္ကာဖွယ်တွေ့ရှိရကြောင်း၊ အနီးဝန်းကျင်နွားပိုင်ရှင်များထံ စုံစမ်းသော်လည်း ပျောက်ဆုံးမှုသတင်းမရရှိကြောင်း သတင်းပို့သည်။ ထို့ကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံတွင် အဆိုပါ နွားခြောက်ကောင်ကို ထိန်းသိမ်းထားရှိပြီး နွားပိုင်ရှင်များ ပျောက်ဆုံးမှုရှိပါက ညောင်တုန်းရဲတပ်ဖွဲ့နှင့် ဂုံမင်းဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်စုံစမ်းယူဆောင်နိုင်ပါကြောင်း နယ်မြေအန္တရာယ်ရှိရန် ကြေညာထားရှိကြောင်း သိရသည်။

(၅၅၂)

စစ်ကိုင်းမြို့ နန္ဒဝန်ကွက်သစ်ရပ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဘေးသို့ မတ် ၄ ရက် မွန်းလွဲ ၂ နာရီခွဲက ကားတစ်စီး လမ်းမပေါ်မှ တစ်ဆင့် အောက်သို့ထိုးကျသွားရာ ကားတစ်စီးလုံး ပက်လက်လန်သွားသော်လည်း ကားပေါ်ပါသူများမှာ ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(ခိုင်ဇေယျ)

ကလေးမြို့လမ်းဆုံ ဗန္ဓုလမြင်းစီးရုပ်အား ကားဝင်တိုက်

ကလေး   မတ်   ၇

ကလေးမြို့ လမ်းဆုံရှိ မြို့အလှဂုဏ်ဆောင် ဗန္ဓုလမြင်းစီးရုပ်ကြီး နောက်ဘက်ခြမ်းအား မတ် ၄ ရက်က ကားတစ်စီး အရှိန်ဖြင့် ဝင်တိုက်မိရာ ဗန္ဓုလမြင်းစီးရုပ်အောက်ခြေအလှ ဝိုင်းပတ်ထားသည့် စတီးသံပေါင်များ ပျက်စီးသွားကာ အောက်ခြေပတ် အုတ်ခုံတစ်ခြမ်း ပျက်စီးသွားသည်။ **(အပေါ်ပုံ)**

ယာဉ်မောင်းမှာ ကားနှင့်အတူ ထွက်ပြေးတိမ်းရှောင်သွားသော်လည်း ကလေးမြို့ ရဲတပ်ဖွဲ့၏ ကြိုးစားရှာဖွေမှုကြောင့် နက်ပြာရောင် အိမ်စီးကား ၇ယ/----- LANDCRUISER PRADO အား တွေ့ရှိပြီး အမှုမှန်အမြန်ဆုံးပေါ်ပေါက်ရေးနှင့် တရားခံအားဖမ်းမိနိုင်ရေးအတွက် ရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရသည်။

(ဂျူနိုင်း)

တိုက်ကြီးမြို့နယ်၌ စကားများရာမှ ဓားဖြင့်ခုတ်

ရန်ကုန်   မတ်   ၇

ရည်းစားဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး ထင်းခုတ်ဓားမဖြင့်ခုတ်၍ အမျိုးသမီးသေဆုံးသွားသော လူသတ်မှုတစ်ခု တိုက်ကြီးမြို့နယ် ဗောဓိကုန်းရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၅ ရက်က ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားသည့် မွန်းလွဲ ၂ နာရီခွဲက မင်္ဂလာရပ်ကွက်နေ မဇင်မာဦး (၂၀)နှစ်သည် ၎င်း၏ရည်းစားဖြစ်သူ ဇင်မင်းသူ (၃၃)နှစ်၏ နေအိမ်သို့ သွားရောက်တွေ့ဆုံကာ ရည်းစားသက်တမ်း လေးလခန့်ရှိပြီဖြစ်၍ လက်ထပ်ရန်ပြောဆိုရာမှ အပြန်အလှန် စကားများရန်ဖြစ်စဉ် ဇင်မင်းသူက အရိုးအသွား နှစ်ပေခန့်ရှိ ထင်းခုတ်ဓားမဖြင့်ခုတ်၍ ဇင်မာဦး ဦးခေါင်းထိပ်၊ ဝဲပါးနှင့် လက်ခုံတို့တွင် ပြတ်ရှဒဏ်ရာ တစ်ချက်စီရရှိပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားသည်။

ယင်းအမှုအား တိုက်ကြီးရဲစခန်းက (ပ)၅၆/၁၃ ပုဒ်မ- ၃၀၂ ဖြင့် အမှုဖွင့်ပြီး တရားခံအား ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

(၃၀)

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူးဦးအောင်နိုင်
Grammar & Essay ရေးသင်တန်း   မတ် ၁၄
01 252 919, 09 430 85263

ဆရာဌေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

ဒေါ်သီရိစိုးလှိုင်[၁၂/ဥကမ(နိုင်)၁၇၂၅၁၃]နှင့် ပူးပေါင်းနှောင့်ယှက်သူများဖြစ်ကြသော ဒေါ်ဆွေဆွေမွန်[၁၂/တမန(နိုင်)၁၀၃၆၂၅] ဖုန်း-၀၉၅၀၁၈၅၉၁၊ အခန်း(၄၀၁)၊ တိုက်(ဒီ)၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း အမှတ်(၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နှင့် နီနီဆိုသူသိရှိစေရန်

ဒေါ်သီရိစိုးလှိုင်သည် ၎င်း၏ဆိုးရွားသောအပြစ်များကို ဖုံးကွယ်လိုသောဆန္ဒဖြင့် ကျွန်ုပ်အား အပြစ်ရှာချုပ်ကိုင်နိုင်ရန်အတွက် ပူးပေါင်းထောင်ချောက်ဆင် ဖန်တီးလုပ်ဇာတ်ခင်း၍ ၎င်း၏သူငယ်ချင်းများဖြစ်သော ဒေါ်ဆွေဆွေမွန် ဖုန်း-၀၉-၅၀၁၈၅၉၁နှင့် နီနီဆိုသူတို့အား အိမ်ထောင်သည်ယောကျ်ားဖြစ်သည့် ကျွန်ုပ်ထံ ညအချိန်မတော်အပါအဝင် နေ့ရောညပါ ဖုန်းဆက်စေပြီး စိတ်တိမ်းညွှတ်မှုဖြစ်စေရန် လှုံ့ဆော်ဖြားယောင်း နှောင့်ယှက်စေခဲ့ပါသည်။ ထို့ပြင် အခြားဖုန်းတစ်လုံးဖြင့်လည်း ဆက်သွယ်နှောင့်ယှက်ပြောဆိုခဲ့ရာ ကျွန်ုပ်က ဖုန်းလိုင်းပိတ်မည်ဟု ပြောကြားပြီး အကြိမ်ကြိမ်သတိပေးတားမြစ်မှသာ ဒေါ်သီရိစိုးလှိုင်က ၎င်းတို့၏လုပ်ရပ်ကို ဝန်ခံပြောကြားခဲ့ပါသည်။ ယင်းကိစ္စမှာ ဒေါ်သီရိစိုးလှိုင်၏ သစ္စာမဲ့စွာ၊ အကွက်ဆင်ဖန်တီးပြုမူစေခိုင်းခဲ့သော အိမ်ထောင်ရေးထောင်ချောက် ဖြစ်ပါသည်။ ၎င်းတို့သည် ဖုန်းဖြင့် ကျွန်ုပ်ထံသို့ နှစ်လကျော်မျှ အချိန်တိုင်း နှောင့်ယှက်ခဲ့ပြီး ကျွန်ုပ်က အကြိမ်ကြိမ်သတိပေးတားမြစ်ပြီး နောက်ပိုင်းမှသာ ၎င်းတို့က ကျွန်ုပ်၏အလုပ်တာဝန်၊ စိတ်ခံစားမှု၊ ဂုဏ်သိက္ခာနှင့်အသရေကို နှောင့်ယှက်၊ ထိခိုက်၊ စော်ကား၊ နစ်နာစေမိခဲ့သည်မှာ ဟုတ်မှန်ကြောင်းဝန်ခံပြောကြားရာ ကျွန်ုပ်အနေဖြင့် ခွင့်မလွှတ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ဒေါ်သီရိစိုးလှိုင်က ဒေါ်ဆွေဆွေမွန်၊ ဒေါ်နီနီဆိုသူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းများမှာ မှန်ကန်ကြောင်းနှင့် ယင်းသို့ကျူးလွန်မိကြောင်းကို လက်ဗွေနှိပ်လက်မှတ်ရေးထိုး ဝန်ခံထားသည့်အပြင်ခိုင်လုံသည့်သက်သေအထောက်အထားများကျွန်ုပ်လက်ဝယ်တွင်ရှိပြီး ၎င်းကိစ္စနှင့်ပတ်သက်၍ အများသိစေရန် လူကြီးမင်းတို့အနေဖြင့် ကျွန်ုပ်အား ၁၂-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ သတင်းစာမှတစ်ဆင့် တောင်းပန်ရန်နှင့် ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးမြင့်သောင်း[၁၄/ဘကလ(နိုင်)၀၀၆၃၅၇]

မွေးသက္ကရာဇ်အမှန်ကြေညာချက်

ဦးညွန့်တင်၊ ဒေါ်သိန်းရွှေတို့၏သား ဦးကျော်ဝင်းတင် [၁၂/ဥကတ(နိုင်)၁၁၀၀၁၂] ၏ မွေးသက္ကရာဇ်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ မွေးသက္ကရာဇ်တို့အရ ၁၉-၁၁-၁၉၅၅ ရက်နေ့သည် အမှန်ဖြစ်ကြောင်း ကြေညာပါသည်။

ဦးကျော်ဝင်းတင်

GOLDEN STAR Travels & Tours
ရွှေတိဂုံ-ပုဂံ-ပုပ္ပါး Mar22,Apr12
မုံရွာ-အလောင်းတော်ကဿပ Mar22,Apr12
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ Mar22,Apr12
တောင်ကြီး-အင်းလေး-ပင်းတယ Mar22,Apr12
ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr12
မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ Apr12
Ph: 209200, 544383, 430480, 703448, 09-5081580

01 551807, 09 73131914, 09 4500 43394
ကားကျိုးစုံ စီးလုံးငှားပေးပါသည်

ရွှေခိုင်သာ Air-Con Express
09420046635
09421745791
0973123647

ကမ္ဘာတည်မယ့် အာရှကြယ် ကဗျာများ

ဖျာပုံနီလုံဦး

[အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၈) နှစ် မွေးနေ့အမှတ်တရ]

ဒေါ်အောင်ဆန်းစုကြည်၏ အမှာစာနှင့်အတူ

တစ်ပြည်လုံး ဖြန့်ချိရေး

သီဟရတနာ စာပေတိုက်

အထက်မြန်မာပြည်သတင်း

ရမည်းသင်းမြို့ ရွှေမြင်တင်တောင်တော်မြတ် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကျင်းပမည်

ရမည်းသင်း မတ် ၇

စာရေးသူတို့နေထိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒေသအနှံ့အပြားတွင် တစ်နှစ်ပတ်လုံး ၁၂ လရာသီပွဲတော်များကို စဉ်ဆက်မပြတ်ကျင်းပလေ့ရှိပြီး အလှူရေစက်လက်နှင့်မကွာဆိုသကဲ့သို့ ဒါန၊ သီလ၊ ဘာဝနာဟူသောကောင်းမှုကုသိုလ်များကိုလည်း ပြုကြပေသည်။

တပေါင်းလတွင်ကျင်းပသော တပေါင်းပွဲတော်သည်လည်း အထင်ကရပွဲတော်ဖြစ်ပေရာ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၏အရှေ့ဘက် ခုနစ်မိုင်အကွာတွင်ရှိသော ရွှေမြင်တင်တောင်တော်မြတ်ကြီး**(ယာပုံ)**တွင် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ (၁၁၃)နှစ် ပြည့်မြောက်ခဲ့ပြီဟုသိရပြီး ယခုနှစ်တွင်လည်း ယခင့်ယခင်နှစ်များကဲ့သို့ပင် ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပွဲတော်ကျင်းပရေးကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ပွဲတော်ရက်မှာ တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်နေ့အထိဖြစ်ပြီး နှစ်စဉ် သံဃာတော်အပါး ၃၀၀ ကျော်ကိုလည်း သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူကြကာ ပွဲတော်ရက်များအတွင်း ကြွရောက်တော်မူကြသော သံဃာတော်များအား ဆွမ်းနှင့် ဘောဇဉ်များဆက်ကပ်လှူဒါန်းကြသည်။

ပတ်ဝန်းကျင်ကျေးရွာများမှ ပွဲတော်ရက်မတိုင်မီကပင် လှည်းများဖြင့် ဘုရားဖူးလာရောက်ကြသည်။ လှည်းစခန်းများဖွဲ့၍ စုဝေးနေထိုင်ကြကာ ချက်ပြုတ်စားသောက်ကြပြီး ဆွမ်းတော်တင်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းဖြင့် ကောင်းမှုကုသိုလ်များပြုလုပ်ကာ ဆုတောင်းပတ္ထနာပြုကြသည်။

ရွှေမြင်တင်ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖြစ်မြောက်ရေးဂေါပကအဖွဲ့မှလည်း သောက်သုံးရေ၊ ကျွဲ၊ နွားရေ၊ လုံခြုံရေးနှင့် နေရာထိုင်ခင်းများကို စီစဉ်ပေးသည်ဟု သိရသည်။ ယခုအခါ ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ထားခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူ များပြားလှသည်။

ပွဲတော်ရက်များအတွင်း အာဟာရဒါနဖြင့် ကောင်းမှုကုသိုလ်ပြုကြသူများ၊ ဘုရားဖူးလာရောက်ကြသူများ များပြားလှပြီး ပွဲတော်အတွင်း ခင်းကျင်းရောင်းချကြသော အနယ်နယ်အရပ်ရပ်မှ ထွက်ကုန်ပစ္စည်းအရောင်းဆိုင်ခန်းများအပြင် ကြည့်ချင်ပွဲ၊ ရုပ်ရှင်၊ ဇာတ်ပွဲများဖြင့် အထူးစည်ကား လှသော ရမည်းသင်းမြို့ ရွှေမြင်တင်တောင်တော်မြတ်ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်သို့ တစ်ခါတစ်ခေါက်လာရောက်စေချင်ကြောင်း ဖိတ်ခေါ်လိုက်ရပေသည်။

လှိုင်သန်းတင့် (ရမည်းသင်း)

ဓာတ်တိုင်ကအို ပြိုတော့မည်လား

မကွေး မတ် ၇

မကွေးမြို့ ကန်သာရပ်ကွက် စွယ်တော်လမ်းနှင့် (၁၆) လမ်းထောင့်ရှိ လျှပ်စစ်ဓာတ်တိုင်ကြီးမှာ ဆွေးမြည့်ဟောင်းနွမ်းကာ ယိမ်းယိုင်နေသည်ကို တွေ့ရသည်။**(အောက်ပုံ)**

လျှပ်စစ်ဓာတ်တိုင်၏ ကြိုးများပေါ်တွင် ဝါးလုံးများနှင့် ရေသန့်ဘူးခွံများ ချိတ်ဆွဲထားပြီး ရှုပ်ထွေးနေပါသည်။ ဓာတ်တိုင်မှာလည်း လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်စွမ်း မရှိဘဲ အချိန်မရွေးလဲပြိုသွားနိုင်သောကြောင့် လမ်းသွားလမ်းလာများအတွက် အန္တရာယ်ရှိနိုင်ပါသည်။

မိုးဦးလေဦးကာလမတိုင်မီ အဆိုပါဓာတ်တိုင်အိုအား အသစ်လဲလှယ်စိုက်ထူပေးသင့်ကြောင်း ရပ်ကွက်နေပြည်သူများက ပြောဆိုနေကြသည်။ **(၃၃၃)**



မြေပဲဆီထွက်နှုန်းများမြင့်မား

ကန့်ဘလူ မတ် ၇

၂၀၁၂ ခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် လယ်ယာများမှာ စပါးသီးနှံများ အထွက်နှုန်းနည်းကာ ကျွဲနွားအစာ ကောက်ရိုးများရှားပါးခက်ခဲခဲ့သည်။ လူ့ဝမ်းစာကို တစ်နေရာမရှိလျှင် အခြားသောဆည်ရေသောက်ရေဝင်ဒေသများသို့သွားပြီး ဝယ်စား၍ရနိုင်သော်လည်း ကျွဲ၊ နွား အစာများမှာကား သွားဝယ်ရန်ခက်ခဲလှသည်။

လူ့ဝမ်းစာကို ကိုယ်နှင့်ခင်မင်ရင်းနှီးသိကျွမ်းသူများထံမှ ချေးငှားစား၍ရနိုင်ပါသော်လည်း ကျွဲနွားအစာများကိုကား ချေးငှားစား၍ မရနိုင်ပေ။ အဆိုးထဲက အကောင်းဟု ဆိုရပေမည်။ လယ်သမားတို့ စပါးသီးနှံမရကြသော်လည်း တောင်ယာကုန်းများမှ ဆောင်းမြေပဲသီးနှံများ လုံးဝမျှော်လင့်မထားသည်အထိ အထွက်များခဲ့ကြသည်။

မြေပဲအဆန် တစ်တင်းစိုက်လျှင်တင်း ၅၀ကျော်အထိ အထွက်နှုန်းမြင့်မားခဲ့သည်။ မြေပဲများကြိတ်ခွဲရာတွင်လည်း ဆီထွက်နှုန်းမှာ ခန့်မှန်းထားသည်ထက် တစ်ဝက်ကျော်ရရှိခဲ့ကြသည်။ မြေပဲဆီသုံးပုံးရရှိမည်ဟုထင်ထားသော လယ်ယာသမားမှာ ဆီခြောက်ပုံးအထိ ရရှိခဲ့ကြသည်။

မိုးခေါင်သောကြောင့် စပါးသီးနှံအပြင် မြေပဲသီးနှံပါ လုံးဝမရကြတော့ဟု ထင်ထားသူတိုင်း အံ့သြဖွယ်ကောင်းလောက်အောင် မြေပဲသီးနှံများထွက်ရှိကြရာ ဝမ်းသာအားရရှိနေကြသည်။ ဆီစက်သွား၍ ကြိတ်ခွဲရာတွင်လည်း ဆီထွက်နှုန်းမှာ မြင့်မားကြရာ ဝမ်းသာပျော်ရွှင်လျက်ရှိကြသည်။

ကံတင်အောင်(ကန့်ဘလူ)

မြန်မာတို့၏အလှတရား (သို့မဟုတ်) ရေကုသိုလ်

ပခုက္ကူ မတ် ၇

နွေရာသီရောက်လာပြီ ဖြစ်သည်။ နွေရာသီအတွင်း ခရီးသွားလာသူများ နေပူ၊ လေပူဒဏ်များ ခံစားနွမ်းနယ်ကြရသည်။ နေပူ၊ လေပူပြင်းပြင်းဒဏ်ကို သောက်ရေချိုချိုအေးနှင့် တိုက်ဖျက်တွန်းလှန်ကြရသည်။ အညာဒေသအချို့ဆိုလျှင် ယနေ့တိုင် ခရီးသွားများကို ဆီး၊ ထန်းလျက်နှင့် လိုက်ဖက်စွာ သောက်ရေအေးအေး ဆီးကြိုတိုက်ကျွေးကြ၏။ ပင်ပန်းနွမ်းနယ်သောခရီးသည်များလည်း စေတနာသန့်သန့်မေတ္တာထုံလွှမ်းသော သောက်ရေကုသိုလ်အား သောက်သုံးရသောကြောင့် အသည်းနှလုံးတိုင် စိတ်ဘဝင်ကြည်လင် ချမ်းမြေ့ရတော့၏။ သောက်ချင်စဖွယ် ရေကုသိုလ် ရေချမ်းစင်လေးများသည် မြန်မာပြည်၌သာရှိမည်ထင်ပါသည်။ ထိုမြင်ကွင်းရှုခင်းရှုကွက်ကို မြင်ရရုံနှင့် မြန်မာတို့၏ ပင်ကိုသဘောသဘာဝ မနောအလှနှင့် စေတနာ မေတ္တာ ကရုဏာတရားများကို ခံစားကြည်နူးနိုင်သည်။ မြန်မာပြည်အရပ်ဒေသမရွေး အရိပ်ကောင်းသော မန်ကျည်း၊ ကုက္ကို၊ ထနောင်း၊ တမာ၊ ညောင်ပင်ကြီးများအောက်တွင် သောက်ချင်စဖွယ် ရေချမ်းစင်များကို တွေ့မြင်နိုင်ပါ၏။ "ဘုန်းတော်ကြီးလို့ သက်တော်ရှည်တို့တစ်တွေ ရေချမ်းအိုးကြီး"ဟူသော မြတ်နိုးစွဲမက်စရာ စကားသည် လမ်းဘေးဝဲ၊ ယာတစ်လျှောက် အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်တွင်ရှိသော ရေချမ်းအိုးများက သောက်သုံးလှည့်ပါ၊ အမောပြေခိုနားလှည့်ပါဟု ဆိုသယောင်ယောင်။

ဇရာမဇရပ်ကြီးများဝယ် အခိုင်အမာတည်ဆောက်ထားသော အုတ်ရေချမ်းစင်ကြီးများ အမျိုးမျိုးအဖုံဖုံ၊ နေရာဒေသအလိုက် ပုံသဏ္ဌာန်အမျိုးမျိုး အစုံစုံရေချမ်းစင်တို့ကို ဤကမ္ဘာအလယ် မြန်မာနယ်ပယ်၌သာ တွေ့မြင်ရသည်မို့ "အဟောဝတ. . . ကောင်းလေစွ"ဟု နှုတ်ဟမြွက်တမ်း ဥဒါန်းကျူးရင့် ဂုဏ်ယူဝမ်းမြောက်ရပါ၏။

မီးသွေးကန်ရွာလေးတွင်လည်း ရေချမ်းစင်တည်ထားရာ **(အောက်ပုံ)** ယင်းရေချမ်းစင် ကုသိုလ်အလှတရားသည် မြန်မာတို့၏အလှတရားပါတကားဟု ဆိုလိုက်ချင်ပါတော့သည်။

နေဦးမောင်(ပခုက္ကူ)

ပခုက္ကူတစ်ဝိုက် ဒေသထွက် ငရုတ်သီးဈေးကောင်းရ

ပခုက္ကူ မတ် ၇

မြန်မာ့ရိုးရာ အစားအစာများတွင် ချို၊ ချဉ်၊ ငန်၊ စပ်၊ အခါး စသည့် အရသာများဖြင့် လူတိုင်းစားသောက်ကြသည်။ မုန့်ဟင်းခါး၊ အသားငါးဟင်းလျာများချက်ပြုတ်ရာတွင် ငရုတ်သီးမပါလျှင်မပြီးဆိုသကဲ့သို့ ငရုတ်သီးကို လူတိုင်း၊ မိသားစုတိုင်း စားသုံးလေ့ရှိကြသည်။ အချို့သူများမှာ ငရုတ်သီးအစပ်ကို ရှောင်ကြသည်။ အထက်အညာဒေသမှသူများသည် ငရုတ်သီးကို အလွန်ကြိုက်နှစ်သက်ကြ၏။ ငရုတ်ပင်ကို မကွေးတိုင်းဒေသကြီး ပခုက္ကူနယ် တစ်ဝိုက်တွင် အများဆုံး စိုက်ပျိုးဖြစ်ထွန်းသည်။

ငရုတ်သီး၏အာနိသင်မှာ စပ်၏။ ပူ၏။ ဝိပါကဋ္ဌစပ်၏ (ဝိပါက=ကြေကျက်ပြီး)။ အစာကို ကြေ၏။ ပိုးတို့ကို နိုင်၏။ ငရုတ်သီးကို ဆေးဘက်အသုံးပြုရာတွင် မိုးမျှော်ငရုတ်သီးကိုသာ သုံးလေ့ရှိကြသည်။ အခိုးအာကာသမရသူ၊ နှုတ်မမြိန်သူ၊ စကားဆွံ့ပြီး လျှာလေးသူများတွင် မိုးမျှော်ငရုတ်သီးကို ကိုက်စားခြင်းဖြင့် အခိုးအာကာသ ပွင့်လင်းကာ နှုတ်မြိန်ခြင်း၊ လျှာသွက်လာခြင်း၊ အစာကြေခြင်းတို့ကို ဖြစ်စေပါသည်။

ငရုတ်ပင်ကို ပခုက္ကူမြို့နယ် နံ့ပို့ကုန်းကျေးရွာအုပ်စု၊ မယ်ဇလီပင်ကုန်းကျေးရွာအုပ်စု၊ ဘဲကြီးကျေးရွာအုပ်စုများတွင် အထူးစိုက်ပျိုးကြသည်။ ငရုတ်သီးကို မြေမတွင်စိုက်ပျိုး ဖြစ်ထွန်းသည်။ ကျွန်းမြေနုများတွင်လည်း စိုက်ပျိုးကြသည်။ သို့သော်မြေမတွင် စိုက်ပျိုးသည့်ငရုတ်မျိုးမှာပို၍ အသီးဖြစ်ထွန်းကောင်းမွန်သည်။ ငရုတ်ကို အသင့်အတင့်ရွာသောမိုးဖြင့် စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။ ပခုက္ကူနယ်တစ်ဝိုက်တွင် ငရုတ်သီးမှာ အတောင့်ရှည်(သေးရှည်) ဒေသအခေါ်(ရီစွယ်)မျိုးကို စိုက်ပျိုးကြကာ အရသာမှာစပ်ပြီး ဆိမ့်၏။ ငရုတ်အတောင့်ပွမျိုးများကို မြင်းဝင်း၊ နန်းတော်ရပ်ကျေးရွာများ၌ စိုက်ပျိုးကြသည်။ ကျွန်းမြေနုဖြစ်ထွန်းရာဒေသဖြစ်သဖြင့် ငရုတ်ပွများစိုက်ပျိုးကြသည်။ အပင်စိုက်ပျိုးရာ၌ ပျိုးပင်တစ်ခြင်းကို အပင်ရေ ၄၅၀၀ ခန့်ပါရှိကာ တစ်ဧကလျှင် ခြောက်ခြင်း စိုက်ပျိုးရသည်။ အပင်ဖြစ်ပြီး တစ်လခွဲကြာသော် ရေသွင်းစိုက်ပျိုးကြကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၄ယ/၃၁၃၈ အမျိုးအမည် V-ANBO-125 အမျိုးအစား ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူအမည် ဦးချမ်းဇော်ထက် မှတ်ပုံတင်အမှတ်[၉/အမရ(နိုင်)၁၆၂၈၇၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

စေ့စပ်ကြောင်းလမ်းခြင်းဖျက်သိမ်းကြောင်းကြေညာခြင်း

မုံရွာမြို့၊ အုန္ဒဲပင်လမ်း၊ အေးသာယာရပ်ကွက်နေ ကျွန်မ မဖြူဖြူသိမ့် (ဘ)ဦးသန်းတင့်[၅/မရန(နိုင်)၁၄၇၅၁၆]မှ ကြေညာအပ်ပါသည်။

မုံရွာမြို့၊ အမှတ်(၁၄)ဈေးလမ်း၊ ဆူးလေကုန်းရပ်ကွက်နေ မောင်ထွန်းထွန်းလင်း (ဘ)ဦးမောင်မောင်ဌေး[၅/မရန(နိုင်)၁၄၃၀၈၆]နှင့် ကျွန်မ မဖြူဖြူသိမ့် (ဘ)ဦးသန်းတင့်[၅/မရန(နိုင်)၁၄၇၅၁၆]တို့သည် ၇-၁၁-၂၀၁၂ ရက်တွင် ရက်ကွက်လူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ပါသည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသောကြောင့် စေ့စပ်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ)

မဖြူဖြူသိမ့်[၅/မရန(နိုင်)၁၄၇၅၁၆]

သွေးသည်အသက်

ရန်ကုန်နည်းပညာတက္ကသိုလ် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်းအတွင်းတွင်ရှိသော စားသောက်ဆိုင်ခန်းများနှင့် ကွန်ပျူတာ/မိတ္တူဆိုင်ခန်းများကို (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်အတွက် (၁)နှစ်ငှားရမ်းလုပ်ကိုင်လိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၈-၃-၂၀၁၃ ရက်(တနင်္လာနေ့)နောက်ဆုံးထား၍ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ် ဝန်ထမ်းရေးရာဌာနတွင် လာရောက်ထုတ်ယူ တင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၆၆၃၂၆၉၊ ၀၁-၆၄၂၄၀၇ တို့သို့ဖြစ်စေ (ရုံးချိန်အတွင်း)စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်နည်းပညာတက္ကသိုလ်

ကျိုက်မှော်ဝန်းရေလယ်စေတီ ဗုဒ္ဓပူဇနီယ ပွဲတော်ကျင်းပမည်

ကျောက်တန်း မတ် ၇

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော် **(ယာပုံ)** (၁၀၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၈ ရက်မှ လပြည့်နေ့အထိ စည်ကား သိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားသည်။

တပေါင်းလဆန်း ၅ ရက်မှ ၇ ရက်အထိ ပွဲတော်အကြို ဓမ္မပူဇာတရားပွဲများကျင်းပပြီး လဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ သံဃာတော်အပါး ၃၀ တို့က မဟာပဋ္ဌာန်းဒေသနာတော်ကို အသံမစဲရွတ်ဖတ်ပူဇော်ပွဲ၊ လပြည့်နေ့အရုဏ်တွင် စေတီတော်မြတ်နှင့် ရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲနှင့် မွန်းလွဲ ၁ နာရီတွင် မြတ်စွာဘုရားအမှူးပြုသော ပင့်သံဃာ ၁၇၃ ပါးတို့အား ငွေပဒေသာပင်များ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများနှင့် ညနေ ၆ နာရီတွင် စေတီတော်အား မှော်ဝန်းမြစ်အတွင်းသို့ ဆီမီး ၅၀၀၀ ဖြင့် မီးမျှောပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲအဖြစ် မြန်မာ့ရိုးရာခြင်းအလှခတ်ပြိုင်ပွဲများ၊ မတ် ၂၅ ရက် ညနေ ၄ နာရီတွင် သမွန်ခတ်ပြိုင်ပွဲနှင့်ဆိုကြပျော်ကြဂီတည၊ ရွှေမန်းသန်းနိုင်ဆပ်ကပ်၊ ရွှေမန်းသဘင်တင်မောင်ဆန်းမင်းဝင်း၊ ရွှေမြန်မာအဆင့်မြင့်ရုပ်စုံအဖွဲ့တို့မှ ဖျော်ဖြေကြမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်အရောင်းဆိုင်ခန်းများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

(၇၄)

ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

လှိုင်သာယာ မတ် ၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ဆုတောင်းပြည့် အောင်မြေသာယာရွှေစေတီတော်မြတ်ကြီး၏(၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီတွင် စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လှိုင်သာယာမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၁၆ ကျောင်းမှ ပင့်သံဃာတော် ၁၁၆ ပါးနှင့် သီလရှင်ကျောင်း ခုနစ်ကျောင်းမှ သီလရှင်ခုနစ်ပါးတို့အား ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့များနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများက လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေကျပ်သိန်း ၁၀၀ ကျော်တို့ကို လောင်းလှူပူဇော်ခဲ့ကြသည်။

(အောင်ကျော်ဦး)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

သစ္စာအထူးကုတိုင်းရင်းဆေးအဖွဲ့မှ အခမဲ့ကွင်းဆင်းကုသ

စစ်ကိုင်း မတ် ၇

စစ်ကိုင်းမြို့သစ္စာအထူးကု တိုင်းရင်းဆေးအဖွဲ့မှဥက္ကဋ္ဌ ဦးလှဟန်မြင့်၊ တာဝန်ခံဦးဝင်းမြတ်တို့ ဦးဆောင်၍ တိုင်းရင်းဆေးတက္ကသိုလ်ဆင်း ဆရာ ဆရာမများပါဝင်သော ဗီဇိတဒါန ကွင်းဆင်းဆေးကုသရေးအဖွဲ့က စတုတ္ထအကြိမ်အဖြစ် မြန်မာနိုင်ငံရဲတပ်ရင်း (၁၆)ရှိ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများနှင့် မိသားစုဝင်များအား ကျန်းမာရေးပညာပေး ဟောပြောပွဲကိုမတ်၄ ရက်က တပ်ရင်းခန်းမ၌ ကျင်းပခဲ့သည်။**(ယာပုံ)**

အခမ်းအနားတွင် သစ္စာတိုင်းရင်းဆေးကုအဖွဲ့မှဥက္ကဋ္ဌ ဦးလှဟန်မြင့်က အရက်သောက်ခြင်းကြောင့် ရရှိသောဆိုးကျိုးများကိုလည်းကောင်း၊ ဆေးခန်းတာဝန်ခံဆရာဦးဝင်းမြတ်က ထိခိုက်ဒဏ်ရာရရှိမှု အကြောင်းများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ရှေ့တန်းထွက်မည့်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၀၀ ကျော်တို့အား ထိခိုက်ဒဏ်ရာ၊ မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါများကို စမ်းသပ်ကုသပေးပြီး ဆေးဝါးများကို ဗီဇိတဒါနအဖြစ် ပေးလှူခဲ့ကြောင်းနှင့် လူနာများ ဆေးဝါးကုသရာသို့ အမှတ်(၁၆)ရဲတပ်ရင်းမှူး ဒုတိယရဲမှူးကြီးတင်မိုးနှင့် ဇနီး ဒေါ်စန်းစန်းမြင့်တို့ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ (၂၂၅)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တရုတ်(တိုင်ပေ)နေ
(ဦးစိုးဝင်း)-ဒေါ်ချန်ဘိလန်(Five Stars Hotel)(Taiwan)တို့၏ သားငယ်
မောင်ကျော်မင်းဟန်(ခ) Chaung Tean
Chaung Ko (I.C Company L.T.D)(Taiwan)
နှင့်
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ
ဦးလှမျိုး(M.D) "တိုးတက်ချမ်းသာပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ"-ဒေါ်နိုင်နိုင်ဝင်းတို့၏ သမီးထွေး
မသန္တာထွန်း(ခ) De De
Third Year (Chemistry)

တို့သည် Western Park (Ruby) ၌ ၂၇-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မင်းဟန်-မသန္တာထွန်း

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၂၀၃-၂၀၄)နေ
ဦးကျော်အေး (M.D,Thadar Tun Co., Ltd)-ဒေါ်အေးသီဂီဦးတို့၏သားငယ်
ဗိုလ်ကြီးချမ်းမြေ့ကိုကို-မအိမွန်ချို တို့၏ ညီ/မောင်
ဒေါက်တာကောင်းပြည့်ကိုကို
M.B.,B.S (Ygn)
Director (Thadar Tun Co.,Ltd)
နှင့်
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ကရဝိက်(၁)လမ်း၊ အမှတ်(၅၄၂)နေ
ဦးသိန်းဝင်း-ဒေါ်ဝင်းဝင်းမြင့်တို့၏တစ်ဦးတည်းသောသမီး
ဒေါက်တာသူဇာထွန်း
M.B.,B.S (Ygn)

တို့သည် ၂-၃-၂၀၁၃ရက်(စနေနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကောင်းပြည့်ကိုကို-ဒေါက်တာသူဇာထွန်း

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆)(၂၇)(၂၈)(၂၉)(၃၀) ပဉ္စမအကြိမ်မြောက်အာစရိယပူဇော်ကန်တော့ပွဲ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၂၆)(၂၇)(၂၈)(၂၉)(၃၀)တို့ရှိ သင်တန်းသားများကို ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား တပည့်များမှ ပူဇော်ကန်တော့ခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

ကျင်းပမည့်ရက် – ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက် (၈) နာရီ
ကျင်းပမည့်နေရာ – Western Park Royal (ကန်တော်ကြီး)

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများထံ ဖိတ်စာများ ပေးပို့ထားပြီး ဖြစ်ပါသည်။ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ ကြွရောက် ချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာ ပန်ကြားအပ်ပါသည်။

ညီ၊ အစ်ကို၊ သူငယ်ချင်းများမှလည်း အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် –

ဦးထွန်းမြတ်	ဖုန်း– ၀၁ ၆၆၁၇၉၉	ဦးဇော်မင်းအောင်	ဖုန်း– ၀၉ ၅၀၆၈၆၂၇
ဦးကြိုင်လျှမ်း	ဖုန်း– ၀၁ ၅၇၇၅၂၆	ဦးမောင်မောင်အောင်	ဖုန်း– ၀၉ ၅၀၆၄၁၄၈
ဦးစိုးမိုးနိုင်	ဖုန်း– ၀၉ ၅၀၄၄၁၈၇	ဦးလတ်ထွန်း	ဖုန်း– ၀၉ ၅၁၄၂၈၆၆
ဦးချိုထွန်းအောင်	ဖုန်း– ၀၉ ၅၀၀၃၄၆၃	ဦးမောင်မောင်ထွေးဆွေ	ဖုန်း– ၀၉ ၈၅၉၉၉၀၁၁
ဦးကျော်ကျော်ဦး	ဖုန်း– ၀၉ ၈၇၆၂၅၄၅	ဦးဇော်မြင့်ဝင်း	ဖုန်း–၀၉ ၇၃၁၅၂၂၈၆

အဲ့အရှေ့ပိုင်း၊တောင်ပိုင်း၊
ဆိပ်ကမ်း မြေကွက်များ
ရောင်း ဝယ် လိုက
သစ္စာ ၃၇၈၃၈၉၊ ၇၇၇၁၈၇၈၄၂

ခန်းထမ်းများခွင့်ယူရန်မလို
ကျိုက်ထီးရိုး
OASIS
ချောင်းသာ စားသောက်ဆိုင်
Ph: 09 50 38616, 09 73242469, 09 731 83031

Dream
ချောင်းသာ - ၁၀၀၀၀/-
ကျိုက်ထီးရိုး- ၈၀၀၀/-
09-5012452. 09-5075612.
09-5012336

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ အမှတ်(၂၃/၂၅)၊ C-4(၅လွှာ)(ယာအစွန်)၊ (၁၀၈)လမ်း၊ လူနေအိမ်တိုက်ခန်းနှင့်အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်လက်ရှိဖြစ်သူ ဒေါ်ထွေးစန္ဒာ[၁၂/မဂတ(နိုင်)၀၇၀၀၅၇]၊ အမှတ်(၃၂-ဒီ)၊ သိမ်ဖြူမီးရထားဝင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ခင်ပုံ့ပုံ့အိ
[၁၄/မမန(နိုင်)၁၄၅၂၃၃]
အမှတ်(၃၅)၊ ပထပ်၊ ၉၄လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရန်ပိုင်စိုး
LL.B
အထက်တန်းရှေ့နေ(စဉ်-၁၁၂၂၆)
အမှတ်(၄၅)၊ ၆လွှာ၊ ဝတ်ကျောင်းလမ်း၊
(၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၂၅၁၁

KTH
ကြက်ဆူဆီဝမ်းနှုတ်ဆေး
TMR 011487(0615)
Ph.298735, 200975,291478, 09-43055309.

TAXI ယာဉ်မောင်းအလိုရှိသည်
၄က/--- Limited
အချိန် နံနက် ၈-၁၂
ညနေ ၄-၈
ဖုန်း-၀၉-၇၃၀၉၁၉၂၀၊ ၆၃၆၈၇၆

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

လာသာလာရတယ်၊ မွန်မွန့်ကို ဆရာက လက်ခံတွေ့မှ တွေ့ပါ့မလားလို့၊ မွန်မွန် တကယ်စိုးရိမ်မိခဲ့တာပါ"

"ဘာပြုလို့ မွန်မွန့်ကို ဆရာက လက်ခံမတွေ့ ချင်ရမှာလဲ"

"ဆရာ တကယ်ပြောတာ"

"တကယ်ပြောတာပါ မွန်မွန်"

မွန်မွန်သည် ဆိုင်းဆိုင်းလေး ဖြစ်သွား၏။ တစ်စုံတစ်ခုကို ပြောသင့်မပြောသင့် ချိန်ဆနေဟန်တူသည်။

"မွန်မွန် ဆရာ့ကို တစ်ခုခုပြောမလို့မဟုတ်လား၊ ဘာပြောမယ်ဆိုတာ ဆရာလည်းသိပါတယ်၊ ဗောဓိကုန်းနားက စိတ္တသုခဝပ်ရှော့ကလို့ ဆရာပြောခဲ့မိတာကို အပြစ် တင်မလို့ မဟုတ်လား "

မွန်မွန်က ရယ်တော့၏။ ရယ်ပုံလေးက လွတ်လပ်ပြီး အပြစ်ကင်းသောကလေးနှင့်တူသည်။ ရယ်သံမှာလည်း နားမှာသာယာသည်။

"မွန်မွန်ပြောမှာကို ဆရာက ပြောတယ်၊ ဟုတ်တယ်လေ၊ ဆရာက အဲဒီလို ဘာလို့ပြောခဲ့ရတာလဲ၊ စိတ္တသုခဝပ်ရှော့ကို မွန်မွန် လိုက်ရှာလိုက်ရတာ၊ ပြီးတော့ အဲဒီတုန်းက ဆရာဝတ်ထားတာကလဲ . . ."

ဦးမြင့်နွယ်ကလည်း ရယ်သည်။ သည်တုန်းက သူဝတ်ထားသည်ကလည်း ကထိကတစ်ဦးနှင့် မတူလှ။ ဂေါက်သမားတို့မည်သည် ကိုယ့်ဟန်နှင့်ကိုယ် ထူးထူးဆန်းဆန်း ဝတ်တတ်ကြသည်။ အဲသည်တုန်းက ဦးမြင့်နွယ်က အောက်ပိုင်း၌ဂျင်းဘောင်းဘီ အပြာရင့်ကို ဝတ်ထားသည်။ အကျီကတော့ပုံစံပြုပြီး အထူးချုပ်ထားသော ပျော်ဘွယ်လက်ရက် ပင်နီအစစ်အထူစားဖြစ်၏။ ဂျင်းဘောင်းဘီကိုတော့ အကြမ်းခံပြီး အိတ်များသောကြောင့် အသုံးတည့်၍ ဝတ်သည်။ လက် ရက်ပင်နီအထူကိုတော့ အဘက်ဘက်မှ နှစ်သက်၍ ဝတ်သည်။ သူဝတ်သည်ကို သဘောကျသူ နိုင်ငံခြားသား မိတ်ဆွေနှစ်ဦးကိုပင် လက်ဆောင်ပေးရဖူးသည်။ ဟန်းဒ်ဝိုးဗင်းခေါ် လက်ရက်အစစ်မို့ သူတို့က မြတ်နိုးကြသည်။

အင်း . . . ဂေါက်သမားမှန်း သတိမပြုမိလျှင် ဘာနှင့်တူနေမည်နည်း။ မွန်မွန် ထင်ခဲ့သလို မက္ကင်းနစ်အသွင်နှင့်ကား အနီးစပ်သား။

"ဆရာက ဘာလို့ အဲဒီလိုမဟုတ်ဘဲ ပြောခဲ့ရတာလဲ"

"အကြောင်းရှိပါတယ် မွန်မွန်၊ ရှေ့ခရီးဆက်ရမှာကို မွန်မွန်က သိပ်စိုးရိမ်နေတယ်၊ ကားချင်း ပစ္စည်းလဲတပ်ပေးလိုက်တာတောင် မွန်မွန့်မှာ စိုးရိမ်စိတ်ကုန်သေးတာမဟုတ်ဘူး၊ ဆရာ့ကို ဝပ်ရှော့က မက္ကင်းနစ်တစ်ယောက်လို့ ယုံသွားရင် မွန်မွန် စိတ်ချသွားမယ်၊ သံသယမရှိဘဲ မွန်မွန် စိတ်ဖြောင့်ဖြောင့်နဲ့ ခရီးဆက်သွားနိုင်မယ် မဟုတ်လား"

မွန်မွန်၏ မျက်နှာလေးသည် တည်ငြိမ်သွားသည်။ ကျေးဇူးတင်ခြင်းနှင့် ဝမ်းနည်းမှုရောသော ဟန်ကလေးဖြင့် သိမ်မွေ့စွာ ပြောသည်။

"ဆရာက စိတ်ကိုသိပ်သိတာနော်၊ ဟုတ်တယ် မွန်မွန်က သိပ်စိုးရိမ်တတ်တယ်၊ ဒါပေမယ့် ဆရာပြောသလိုပဲလေ၊ မက္ကင်းနစ်တစ်ယောက်လို့ ယုံလိုက်ပြီးတော့ မွန်မွန် စိတ်ဖြောင့်ဖြောင့်နဲ့ ခရီးဆက်နိုင်ခဲ့တယ်၊ သြော် . . . ဖြစ်ရလေ၊ မွန်မွန်မကောင်းဘူး၊ ဆရာ့စေတနာကို မွန်မွန် တလွဲထင်နေမိခဲ့တယ်"

"မွန်မွန်က ဘယ်လိုထင်လို့လဲ"

"ဟိုဒင်း . . . မွန်မွန့်ကို ဆရာက မတွေ့ချင်လို့များလားလို့"

"ဘာပြုလို့ အဲဒီလို ထင်ရတာလဲ"

" သိဘူးလေ၊ မွန်မွန်က . . . "

မွန်မွန်သည် စကားကို မဆက်ဘဲ ရပ်ပစ်လိုက်၏။

ဦးမြင့်နွယ်က မျက်နှာကို ချိုချိုထားလျက်က မွန်မွန့်ကို အကဲခတ်ကြည့်နေ၏။

အခြေအနေ၌ ဘာမျှတင်းမာမှုမရှိ၊ ပြဿနာဟူ၍လည်း ဘာမျှကြီးကြီးကျယ်ကျယ်မရှိ။

သည်ကြားထဲက မွန်မွန့်အသွင်၌ ချုပ်တည်းမှုနှင့် ရှုန်းကန်မှုကို ငွေ့ငွေ့မြင်ရသည်။ မျက်နှာလေးကလည်း သနားဖွယ်ငယ်လှသည်။ သူ့ကို ငေးငေးလေး ပြန်ကြည့်နေသော မျက်သားပြာပြာတွင် မျက်ရည်ရိပ်ကို မြင်ရ၏။

ဦးမြင့်နွယ်က တမင်လုပ်၍ ရယ်လိုက်သည်။

"မွန်မွန်က အလကား စိုးရိမ်တတ်တာကိုး၊ ကဲ . . . ဆရာ အမှန်ကိုပြောမယ်၊ နားထောင်မလား"

"အင် . . . ရှင်"

"ပြောသာပြောခဲ့ရတယ်၊ ဆရာလည်း မွန်မွန့်ကို သိပ်တွေ့ချင်နေတယ်"

"မွန်မွန့်ကို ဆရာလည်း သိပ်တွေ့ချင်နေတယ်"

"ဟုတ်တယ် မွန်မွန်"

"မွန်မွန့်ကို ဆရာက ဘာပြုလို့ တွေ့ချင်ရတာလဲဟင်"

"သြော် . . . မွန်မွန်ရယ်၊ ဂီတဆည်းဆာတုန်းက မွန်မွန်ဆိုသွားတဲ့ တေးသံဟာ ဆရာ့နားထဲက မထွက်ဘူး၊ ဆရာတင် မဟုတ်ပါဘူး၊ အင်မတန်မှ ဇီဇာကြောင်တဲ့ ဆရာ့မိတ်ဆွေ ဦးတုတ်ဝင်းကတောင် မွန်မွန့်ကို အမြင့်ဆုံး ချီးမွမ်းခဲ့ပါတယ်"

"ဆရာ့လို ပုဂ္ဂိုလ်က ချီးမွမ်းတော့ မွန်မွန် ဘဝင်မြင့်ရမှာပေါ့"

"မြင့်ပေါ့ မွန်မွန်"

"တကယ် မြင့်ရမှာလား"

"ရယ်စရာ ပြောရတာပါ မွန်မွန်၊ ဘဝင်တော့ မမြင့်နဲ့၊ ဒါပေမယ့် ကိုယ့်ကြိုးပမ်းချက်ရဲ့ အောင်မြင်မှုကိုတော့ ဂုဏ်ယူပါ၊ ဝမ်းသာမှုကို ခံစားပါ၊ စိတ်ဆိုတာကို တတ်နိုင်သမျှ အလိုပြည့်ပါစေ"

"စိတ်ဆိုတာကို တတ်နိုင်သမျှ အလိုပြည့်ပါစေ၊ အဲဒါ ဘာပြောတာလဲဟင်"

"စိတ်ကို အလိုလိုက်တာတော့ မကောင်းဘူး၊ ဒါပေမယ့် ပြည့်သင့်သမျှ အလိုပြည့်စေတာကတော့ အရေးကြီးတယ်၊ ရုပ်ခန္ဓာဟာ ထိုက်သင့်တဲ့ အာဟာရ မရှိရင်မဖြစ်သလိုပဲ၊ စိတ်ခန္ဓာဟာလည်း တစ်စုံတစ်ရာသော အတိုင်းအတာအထိတော့ သူလိုချင်တဲ့ အာဟာရ ပြည့်ဝမှုဖြစ်တယ် "

"အဲဒါကတော့ မြင့်သွားပြီ၊ မွန်မွန် မလိုက်နိုင်တော့ဘူး"

"လိုက်နိုင်ပါတယ် မွန်မွန်၊ စိတ်ဆိုတာဟာ ဝမ်းသာမှု၊ ကျေနပ်မှု၊ ချစ်ခင်မှု၊ ချစ်ခင်ခံရမှု၊ အဲဒါလေးတွေကို နှစ်သက်ပါတယ်၊ အဲဒါလေးတွေကို ရပါစေ"

"မရတော့ကော ဆရာ"

"ရနိုင်ပါတယ် မွန်မွန်၊ လောကကြီးဟာ ဒီလောက် မဆိုးပါဘူး"

မွန်မွန်က သူ့ကိုစိုက်ကြည့်သည်။ သူက မွန်မွန်၏အကြည့်ကို လက်ခံပြီး အေးချမ်းစွာပြုံးလျက် ပြန်ကြည့်နေ၏။

မွန်မွန်က သက်ပြင်းလေးရှိုက်ပြီး ပြုံး၏။

"ဘာပဲဖြစ်ဖြစ် ဆရာနဲ့တွေ့ရလို့ မွန်မွန် စိတ်ချမ်းသာသွားပြီ"

"ဒါထက် ဆရာ့ကို မွန်မွန် ဘယ်လိုလုပ် သိသွားသလဲ"

"ဒီနေ့ပဲ သိတာပေါ့၊ အနုပညာအသင်းက မိတ်ဆွေတွေက တစ်ဆင့် ဒီနေ့ ဆရာ စာပေဟောပြောမှာ မွန်မွန် သိတယ်လေ၊ မွန်မွန်က အဲဒီလို ဟောပြောပွဲတွေဆိုရင် အကုန်လျှောက်သွားတာ၊ ဒီကျတော့ အပြင်ကပဲ နားထောင်ရတာ၊ဆရာသိမှာပေါ့၊ မွန်မွန်က မစွမ်းမသန်ပါ၊ ဆင်းရတက်ရ မလွယ်ကူပါဘူး၊ ဟိုနေ့က နှစ်ဆယ့်တစ်မိုင်မှာ ဆုံတုန်းက ဆရာ့ကို ကျေးဇူးတင်စကားပြောဖို့ မွန်မွန် ကားပေါ်က မဆင်းနိုင်ခဲ့ဘူး"

"ဆရာ နားလည်ပါတယ်"

"ဒီနေ့လည်း မွန်မွန် ကားပေါ်ကပဲ နားထောင်ပါတယ်၊ အသံချဲ့စက်နဲ့ဆိုတော့ ကောင်းကောင်းကြားရပါတယ်၊ ပြီးတော့ ပြတင်းပေါက်ကနေ ဆရာ့ကိုလည်း မြင်ရတယ်၊ မြင်ရတော့မှ အဟင်း . . . ဆရာဦးမြင့်နွယ်ဆိုတာ ဟိုနေ့က စိတ္တသုခ ဝပ်ရှော့က မက္ကင်းနစ်ကြီးပါလားလို့၊ မွန်မွန်လေ ဝမ်းသာလိုက်တာ၊ ဒါနဲ့ အိမ်တစ်ခေါက်ပြန်ပြီး ဟောဒါလေး ယူလာတာ"

မွန်မွန်က လက်ပွေ့အိတ်ကလေးကို လက်တစ်ဖက်တည်းဖြင့် ဖွင့်ပြီး ခေ်စတြီဗျူတာ ကက်ပ်ဖုံးအသစ်တစ်ခုကို နှိုက်ယူ၍ ဦးမြင့်နွယ်အား လှမ်းပေးသည်။

" နေပါစေ မွန်မွန်၊ ဆရာ့မှာ အပိုတစ်ခု ရှိပါသေးတယ်၊ ပြီးတော့ ဟိုနေ့က ဆရာပြင်ထားတဲ့ ကက်ပ်ကလည်း ဆက်သုံးလို့ရပါသေးတယ် "

"အို . . . မဟုတ်တာ ဆရာ၊ ဟိုနေ့က လဲတပ်ပေးလိုက်တာပဲ လွန်လှပြီ၊ မွန်မွန်က အသစ်တစ်ခု ပြန်ပေးရမှာပေါ့၊ ရော့ . . . ယူပါ ဆရာ "

"မွန်မွန်က အဲဒါ ပြန်ပေးချင်လို့ အခု ဆရာ့ဆီ လာတာလား"

"အို . . . အို . . . မဟုတ်ပါဘူး ဆရာရယ်၊ မွန်မွန်လေ ဆရာနဲ့ ခင် . . . ခင်ချင်လို့ပါ"

"ဆရာနဲ့ ခင်ချင်လို့ရှိရင် အဲဒါလေးကို မပေးနဲ့တော့၊ အဲဒါလေးကို အစားပြန်ပေးနေတယ် ဆိုရင်တော့ ခင်မင်တဲ့လူချင်းဆက်ဆံရေး မဟုတ်တော့ဘူး "

"အဲဒီလိုဆိုတော့ မွန်မွန်က အမြတ်ထုတ်ရာကျမနေဘူးလား"

"မွန်မွန့်မှာ အဲဒီစေတနာ ရည်ရွယ်ချက်ရှိသလား"

"ရှင်"

"စေတနာ ရည်ရွယ်ချက် မရှိဘူး မဟုတ်လား၊ မရှိရင်ပြီးတာပဲ၊ ပြန်ယူသွားပါ မွန်မွန်၊ ဆရာက ကြည်ကြည်ဖြူဖြူနဲ့ပေးလိုက်တာပါ၊ အဲ . . . ဆရာတို့ချင်း ခင်မင်တဲ့ အထိမ်းအမှတ်နဲ့ သိမ်းချင်သိမ်းထားပေါ့"

မွန်မွန်၏ မျက်နှာလေးက တောက်ပသွား၏။

"ဟုတ်ပြီ မွန်မွန် သိမ်းထားမယ်၊ ဒါကိုတော့ မဟုတ်ဘူး၊ လဲတပ်လိုက်မယ်လေ၊ ဆရာတပ်ပေးခဲ့တာလေးကို မွန်မွန် သိမ်းထားပါ့မယ်"

မွန်မွန်က ပစ္စည်းလေးကို လက်ပွေ့အိတ်တွင်းသို့ ပြန်သွင်းလိုက်၏။ ဖွင့်ယူစဉ်ကကဲ့သို့ပင် ဘယ်ဘက်လက်တစ်ဖက်တည်းကိုသာသုံးကြောင်း ဦးမြင့်နွယ် သတိပြုမိ၏။

မွန်မွန်သည် ပစ္စည်းလေးကို ထည့်အပြီး၌ ဦးမြင့်နွယ်ဘက်လှည့်ကာ မျက်နှာလေးကိုမော့၍ ပြုံးပြုံးလေးကြည့်သည်။

ရုတ်တရက်တော့ အမှတ်မထင်ပါ။

ခေါင်းလေးကို မော့မော့လေးထားလိုက်တော့ လည်တိုင်လေးက ဆန့်လာသည်။ လှသူတိုင်း လည်တိုင်မလှပါ။

ယခု မွန်မွန့်လည်တံက ငွေငန်းဖြူလည်တံလို လှသည်။ ရှင်းရှင်းသွယ်သွယ်နှင့် လှသည်။ ပခုံးလေးနှင့် လည်တံဆက်ဟန်က ကောက်ကြောင်းပန်းချီဟန်ဖြင့် လှသည်။

(ဆက်လက်ဖော်ပြပါမည်)

> ❝ စိတ်ကို အလိုလိုက်တာတော့ မကောင်းဘူး၊ ဒါပေမယ့် ပြည့်သင့်သမျှ အလိုပြည့်စေတာကတော့ အရေးကြီးတယ်၊ ရုပ်ခန္ဓာဟာ ထိုက်သင့်တဲ့ အာဟာရမရှိရင် မဖြစ်သလိုပဲ၊ စိတ်ခန္ဓာဟာလည်း တစ်စုံတစ်ရာသော အတိုင်းအတာအထိတော့ သူလိုချင်တဲ့ အာဟာရ ပြည့်ဝမှုဖြစ်တယ် ❞

AGD BANK
ASIA GREEN DEVELOPMENT BANK LIMITED

ဂုဏ်ယူဝမ်းမြောက်ခြင်း

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (AGD Bank) (၂၈)ခုမြောက်ဘဏ်ခွဲဖြစ်သော **ဆူးလေဘဏ်ခွဲ** အား (၈.၃.၂၀၁၃)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

1. Aureum Palace Hotels And Resorts
2. Myanmar Treasure Resorts
3. Htoo Construction and Development
4. Asian Wings Airways Ltd
5. FM Bagan
6. Myanmar Shopping Mall
7. Ayeyar Shwewar Co.,Ltd

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

(၈-၃-၂၀၁၃) နေ့တွင် ကျရောက်သော ချစ်ဖနိုးနှင့် ချစ်မေမေ ဒေါ်မြင့်မြင့်ဆွေ (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ)၏ မွေးနေ့ရက်မြတ်မှသည် နောက်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့် အတူ ဘာသာ၊ သာသနာ အကျိုး ထမ်းဆောင်နိုင်ပြီး၊ အောင်မြင်ကျော်ကြားပြီး လိုအင်ဆန္ဒများ ပြီးပြည့်စုံ၍ ကျန်းမာပျော်ရွှင်စွာဖြင့် အောင်မြင်မှုပန်းတိုင်အထွတ်အထိပ်ကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ခင်ပွန်း - ဦးကျော်ဌေး (Chairman - Kyaw Enterprise Co.,Ltd., Kyaw & Son Auto Car Service Center, Cherry Automobile Service Center, Royal Mei Hua Restaurant)
ချစ်သမီးကြီး - မအေးမွန်ဌေး (Kyaw Enterprise Co.,Ltd.)
ချစ်သမီးလတ်- မောင်တေဇမောင် (Htoo Htoo Toe Co., Ltd.) + မယဉ်မွန်ဌေး(ခ)ငယ်ငယ်
ချစ်သား - မောင်ဌေးမြင့်အောင်(ခ)မောင်မောင်(Kyaw Enterprise Co.,Ltd.)+ မမြတ်မွန်သိန်းဝင်း
ချစ်သမီးငယ် - မောင်အောင်ဖိုးဖိုး(ခ)သားသား(Chan Yong Trading Co., Ltd.)+မယုမွန်ဌေး
ချစ်သမီးထွေး - မောင်သန်းဇော်ဝင်း(Bright Wynn Family Co., Ltd.)+မစုမွန်ဌေး(Kyaw Enterprise Co.,Ltd.)
ချစ်မြေးများ - လင်းသစ်တေဇ၊ ဘုန်းမြတ်မင်း၊ ခန့်ကျော်ဌေး၊ ဟိန်းသစ်ထူး၊ စုဝတီဌေး

ဂင်္ဂါမြေ

ပြည်တွင်းအဆင့်မြင့်ခရီးစဉ်များ
(၃)ဦးဝယ်လျှင်+(၁)ဦးအခမဲ့

* မန်းရွှေစက်တော်	Mar 8,15,22,29	(70000)
* မြတ်မော်တင်ရွှန်း	Mar 15,22,25	(70000)
* လားရှိုး၊မူဆယ်၊ရွှေလီ	Mar 23,Apri 12	(300000)
* ထားဝယ်(ရှင်ကိုးရှင်)	Mar 23,Apri 12	(250000)
* မြဝတီ၊မဲဆောက်၊ဘားအံ	Mar 23,Apri 12	(250000)
* ကသော၊မန္တလေး၊ပြင်ဦးလွင်	Mar 23,Apri 12	(180000)
* တောင်ကြီး၊အင်းလေး	Mar 23,Apri 12	(170000)
* ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး	Mar 22,Apri 12	(170000)

0973340050,0973340051,0973340052,09420187871
09420187872,09420187873

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန်မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။
၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများလာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့်လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများအား တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လျှောက်လွှာတစ်စုံလျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူပြီး ၁၇-၃-၂၀၁၃ရက် ညနေ ၄နာရီနောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၁၀၀၃၊ ၂၁၂၁၆၉၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီ
တောင်ကြီးမြို့

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အသားထုတ်လုပ်ခွင့်လိုင်စင်များလျှောက်ထားနိုင်

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနက သတ်မှတ်ထားသော သတ်ရုံနှင့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင်(ကျွဲ၊ နွား၊ သိုး-ဆိတ်)ရွာသာကြီး၊ (ဝက်)ရွာသာကြီး၊ (ဝက်)ရွာမ၊ (ကျွဲ၊ နွား၊ သိုး-ဆိတ်)လှိုင်သာယာမွေးမြူရေးဇုန်၊ (သိုး-ဆိတ်)ရွှေပြည်သာနှင့် မြို့နယ်တွင်း အသားထုတ်လုပ်ခွင့်လိုင်စင် (ဒလနှင့်ဆိပ်ကြီးခနောင်မြို့နယ်များသာ)တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တစ်စုံလျှင် ၃၀၀၀ိ/-နှုန်းဖြင့် ၈-၃-၂၀၁၃ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန(ရုံးချုပ်)၊ (၉ထပ်ရုံး)၊ စတုတ္ထထပ်၊ ၁၈လမ်း၊ ကျောက်တံတားမြို့နယ်တွင် ဝယ်ယူ၍ ၁၅-၃-၂၀၁၃ရက် နောက်ဆုံးထား ပြန်လည်တင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။

ဌာနမှူး
တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA)
တန်ဖွဲ့သစ် လက်ခံပြီ
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၊၄၊လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)မိနစ်တက် (၂)လ အတွေး လက်မံသင်ကြားပြီး
Essay, Letter ရေးနည်း အင်တာဗျူး တွေ့ဆုံဆောင်းပါး ဖတ်နည်း ဘာသာပြန်နည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးရေး၊ တတ်ချင်သူတိုင်း တက်၍ တတ်သူတိုင်း တတ်ကျွမ်းကြပြီ။ တန်းခွဲသစ် Mar 9 မေည့်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
သွက်လက်မှန်ကန်စွာ ပြောတတ်စေမည့် SPEAKING သီးသန့် ၊၄၊လ အတက်
အထက်တန်း / အလယ်တန်း **ENGLISH 4 SKILLS Basic Level, March 12** မေည့်။
Grammar,Letter,Essay ရေးတတ်ပြီး ဂုဏ်ထူးရှင် ဖြစ်ချင်သူတိုင်း တက်ထားသင့်သည်။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အခန်း-၀ ... 0943125393
... 01 295798, 398118

- ✦ မှုကြိုအရွယ်ကလေး မိဘတို့ မှားတတ်သောအမှားများ
- ✦ နော်ဝေနိုင်ငံက မှုကြိုအတွေ့အကြုံများ
- ✦ ဘယ်သန်ကလေး ဖြစ်ခဲ့ရင်
- ✦ ငွေကင်းစကလေးပြုစုရေး
- ✦ မိဘစကား နားမထောင်တဲ့ အရွယ်
- ✦ မြန်မာမိဘ နဲ့ မြန်မာသားသမီး
- ✦ တက်ဘလက်နဲ့ ကလေးတွေ

JUNIOR
အတွဲ ၅၊ အမှတ် ၇
၂၀၁၃ ခုနှစ်၊ မတ်လထုတ်
BABY AND CHILD CARE MAGAZINE
01 689 462, 09 519 0949, 09 506 1445
မိဘဆရာလက်စွဲမဂ္ဂဇင်း

ဆေးကျောင်းသူ/ကျောင်းသားများမှ ဦးစီးသင်ကြားသော...
ပညာရွှေသီး
ဥတန်း။ ၁၀တန်း၊ (ကျား/မသီးသန့်)
မတ်လ(၁၅)ရက်စပြီ
ကိုယ်ပိုင်စာကျက်ဆောင်ဖြင့် ကျောင်းဖွင့်ပြီ

သင်ကြားရေး : : နိုင်ငံကျော်ကျူရှင်ဆရာကြီးများ၊ ပါမောက္ခ(ငြိမ်း)များ သင်ကြားပြီး၊ ဆေးကျောင်းသား/သူများမှ ...
ပညာရေးမြှင့်တင်ရေး : : နေ့စဉ်-အပတ်စဉ် စာမေးပွဲများ၊ ... Report Card ပေးပို့ပါသည်။
နေထိုင်စားသောက်မှု : : ရန်ကုန်မြို့လယ်တွင် ကျား/မသီးသန့်၊ Air Con ...
ကျန်းမာရေး : : ...
အာမခံချက် : : ...
အမှတ်(၂၇/၂၉)၊ ၅၄-လမ်းအောက်၊ ... ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-...

မွန်မြတ်ဆေးခန်း
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
ရန်ကုန်မြို့၊ မော်လမြိုင်မြို့

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန် (၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ...

သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါ၊ သွေးထဲအဆီများသွေးများကုသခြင်း
- (၁)ရက် ...
- (၇)ရက် ...
- (၆)လ ...

ဆီးချို သွေးချိုရောဂါကုသခြင်း
- ...
- ...

အမှတ်(၅၅)၊ ... ရန်ကုန်မြို့ Ph:01-225532,09 73171033
အမှတ်(၁၈၇၊၁၈၁)၊ ... မော်လမြိုင်မြို့ Ph : 09 401585945

ဗုဒ္ဓဂယာမြေမြတ်တော်၌ သာသနာရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့

[illegible]

အလှူခံဌာနများမှာ—

၁။ ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ (M.A.,Ph.D)
Visiting Professor (New Age International University, USA)
Email-ndbatha@gmail.com, web-www.bmission.net;
www.bmission.blogspot.com.

[illegible]

မစ္ဆေး မေဆး မေမာ်ဦးစီး ဒေသနီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နီလာ (၁၂)ရက်ခရီး – သိဒေဝနီ [illegible] (ဗီနွီယ + နီပေါ) → [illegible] သိန်း (စရိတ်ငြိမ်း)
(၁၅)ရက်ခရီး – [illegible] → ၉ သိန်း (စရိတ်ငြိမ်း)
[illegible] Shopping နှင့် [illegible]

(၄)ညအိပ်(၅)ရက်ခရီး – [illegible] (၅)သိန်း(၅)သောင်း ၁၂-၄-၂၀၁၃ ထွက်မည်။
[illegible]

(၆)ညအိပ်(၇)ရက်ခရီး – သီရိလင်္ကာ (ရွှေဒဂုံ) + [illegible] (မြသုရား) → (၁၂)သိန်း (စရိတ်ငြိမ်း) ၂၅-၃-၂၀၁၃ ထွက်မည်။
ထွက်ခွာမည့်ရက်များ – မတ်လ – [illegible]
ရန်ကုန်ရုံးချုပ် ☎ ၀၁ – [illegible]
မန္တလေးရုံးခွဲ ☎ – ၀၉ – [illegible]

ဗုဒ္ဓဓမ္မသင်တန်း (ဗဟိုအဆင့်) စာမေးပွဲ အသိပေးလွှာ

ရင်သွေးငယ်များ လိမ္မာယဉ်ကျေးလာစေရန်နှင့် လူ့ကျင့်ဝတ်၊ လူ့သိက္ခာများ၏ တန်ဖိုးကို သိနားလည်လာစေရန် ရည်သန်၍ မဖ္ဖိမဝံသ မြန်မာရဟန်းတော်များအဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဓမ္မသင်တန်း၊ မူလတန်းနှင့် အလယ်တန်းအဆင့် (ဗဟိုအဆင့်) စာမေးပွဲများကို ၁၃၇၄-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက်၊ ၉၊ ၄၊ ၂၀၁၃(အင်္ဂါနေ့) နံနက် ၉နာရီတွင်ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အထက (၄) (ဆင်ရေတွင်းမှတ်တိုင်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဝင်ရောက်ဖြေဆိုမည့် ကျောင်းသူကျောင်းသားများသည် နီးစပ်ရာ မဖ္ဖိမဝံသဗုဒ္ဓသင်တန်းကျောင်းများတွင် ဝင်ခွင့်ပုံစံများတောင်းခံ၍ (၅၊ ၄၊ ၂၀၁၃) နေ့ နောက်ဆုံးထားကာ စာရင်းပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များထံ စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၀၉-၈၅၉၈၀၀၁၊ ၀၉-၇၃၁၇၅၄၉၇၊ ၀၉-၇၃၁၁၆၀၉၆၊ ၀၉-၇၃၁၂၉၀၅၊ ၀၉-၅၁၀၄၆၆၉၊**

ကားမျိုးစုံ ငှားလိုသည်

[illegible] Mini-Bus [illegible]
Emerald Myanmar
Travels & Tours Co., Ltd
Ph: 01-573808, 09-495089762, 09-42101000

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်-၃၄၀၊ မြေကွက်တည်နေရာအမှတ်(၃၄၀)၊ သုဓမ္မာလမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (ဦးစိုးဝင်း) [၁၂/ဥကမ(နိုင်)၁၀၇၀၈၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးစိုးဝင်း-မိခင် ဒေါ်ညို ကွယ်လွန်သဖြင့် ဦးအောင်နိုင်ဦး[၁၂/ ဥကမ(နိုင်)၁၁၉၁၁၃]၊ ဦးဇော်မင်းနိုင်[၁၂/ဥကမ(နိုင်)၀၂၅၂၅၃]၊ ဦးမင်းမင်းလတ်[၁၄/ညတန(နိုင်)၁၀၆၀၇၆]၊ ဒေါ်သက်သက်ဝင်း[၁၂/ဥကမ(နိုင်)၁၈၃၆၂၇]၊ ဒေါ်စန္ဒာဝင်း[၁၂/ဥကမ(နိုင်)၁၈၃၆၃၃]၊ ဒေါ်ပွင့်ဖြူစိုး[၁၂/ဥကမ(နိုင်)၁၉၇၅၅၄]တို့မှ သားသမီးများတော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ (၂၀၄၀၉/၂၇-၁၂-၂၀၁၂)နှင့် (၂၀၄၁၀/၂၇-၁၂-၂၀၁၂)ဖြင့်ရရှိသူ ဦးအောင်နိုင်ဦးမှ ပိုင်ဆိုင်အရောင်း စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်းအလှပြင်ဆိုင်တို့ ပူးပေါင်းဖွင့်လှစ်မည့် ဆံပင်၊ မိတ်ကပ်အလှပြင်သင်တန်းတက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	-	၁၉-၃-၂၀၁၃
သင်တန်းဖွင့်လှစ်မည့်နေရာ-		၂၉၄၊ လမ်း(၄၀) အထက်ဘလောက်
သင်တန်းချိန်	-	နံနက်(၈)နာရီမှ မွန်းတည့် ၁၂ နာရီ အထိ (အင်္ဂါနေ့မှ စနေနေ့)
သင်တန်းကာလ	-	၂ လ
လက်ခံမည့်သင်တန်းသူဦးရေ	-	၄၀ဦး(အမျိုးသမီးများသာ)
လျှောက်လွှာစတင်ရောင်းချမည့်ရက်	-	၇-၃-၂၀၁၃
လျှောက်လွှာတင်ရန် နောက်ဆုံးရက်	-	၁၈-၃-၂၀၁၃
လျှောက်လွှာတင်ရမည့်နေရာ	-	အမှတ်(၆၈) အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဝါဝါသန်းအလှပြင်ဆိုင်

ဖုန်း-၂၄၅၄၉၃၊ ၃၃၃၄၉၈၊ ၀၉-၅၀၇၂၄၄၅၊ ၀၉-၅၄၀၀၄၁၈

ပျောက်ဆုံးခြင်း

မောင်ပြည့်ဖြိုးပိုင်(ဘ) ဦးသန်းလွင် [၁၀/မလမ(နိုင်)၂၀၀၇၅၃]၊လင်းမောင်မောင်ဌေး (ဘ) ဦးသိန်းဌေး [၁၂/သဃက(နိုင်) ၁၇၀၆၁၀]နှင့် မောင်သက်ပိုင်ဦး(ဘ) ဦးဟုတ်ရီ [၁၀/ရမန(နိုင်) ၁၇၁၄၉၉]တို့၏ နိုင်ငံကူးလက်မှတ်များမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၄၁၀၉၁၅၁၈

KMD Since 1995
Quality Management System ISO 9001:2008 [illegible]

NETWORK ENGINEERING

ကွန်ပျူတာတစ်လုံးကိုပြုပြင်ထိန်းသိမ်းခြင်း Network ချိတ်ဆက်အသုံးပြုခြင်းတို့ကို လက်တွေ့လုပ်ငန်းခွင်ဝင်နိုင်ရန်နှင့် Microsoft Exam ဖြေဆိုလိုသူများအတွက်စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပေးပါမည်။

DURATION : 230 HOURS

သင်တန်းဖွင့်မည့်ရက် **11 March 2013 (Mon to Fri)**
12:20pm to 3:00pm

(၁၅၅-၁၈၂)၊ [illegible]
[illegible] ဖုန်း – [illegible]

Golden Hope
703220 , 09 73124222
[illegible]
ကားမျိုးစုံ [illegible]

[illegible] - 26000/-
[illegible] (ရှယ်)- 28000/-
[illegible]
☎01-512443, 09-73017656
[illegible]

မြေပုံမြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း

မြေပုံမြို့နယ်အသင်း(ရန်ကုန်)၏(၁၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်(သို့မဟုတ်) အသင်းဝင်များ၏ မိဘဘိုးဘွားများ ၂၀၁၁-၂၀၁၂ခု ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများနိုင်ငံတော်အဆင့် ဆုချီးမြှင့်ခံရသူများ အားလုံး အထောက်အထားများဖြင့် တင်ပြကြပါရန်နှင့် မြို့နယ်သူမြို့နယ်သားအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	-	၁၇-၃-၂၀၁၃(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	နံနက်၉နာရီမှ ၁၃နာရီထိ
ကျင်းပမည့်နေရာ	-	ရခိုင်ဓမ္မာရုံ(ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်)
စုံစမ်းရန်/အလှူခံထည့်ဝင်မည့်နေရာ	-	ဦးမြသာ(၀၁-၆၆၄၉၈၄)ဦးဘသိန်း(၀၁-၅၈၁၅၈၆)၊ ဦးကျော်ညွန့်(၀၉-၅၁၇၆၂၀၅)၊ ဦးကျော်လှ(၀၁-၂၄၈၂၂၇)၊ ဦးထွန်းကျော်(၀၁-၅၄၆၂၄၅)

အလုပ်အမှုဆောင်အဖွဲ့

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်(၁၉)၊ မြေကွက်အမှတ်(၁၅၃/က)တနင်္သာရီလမ်းရှိ မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါ မြေကွက်နှင့်ပတ်သက်၍ဆက်စပ်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်သိန်း [၁၂/ဒဂန(နိုင်)၀၁၀၄၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးနိုင်ထွဋ်လင်း(ဥပဒေတွဲ) အထက်တန်းရှေ့နေ
အမှတ်(၉၉) ဒုတိယထပ်(ယာ)၃၉လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့
ဖုန်း-၀၉၄၂၁၀၂၂၇၇၄

လျှော့ဈေးဖြင့်ရောင်းမည်

အသုံးပြုဆဲ ကွန်ပျူတာ LCD 15 လုံး
ကြိတ်သားခုံ ၁၉လုံး
25KVA 3C မီးစက်
highpower
] 56 သိန်း
Ph 539553
0943089711
0943196223

ရောင်းမည်

တ/ဥက္ကလာပ
သံသုမာလမ်းပေါ်
ပေ ၅၀× ၆၅ပေ 12BN
(၁၃၀၀၀-သိန်း)
ဖုန်း-၀၉၇၃၀၆၈၅၇၃

ဆရာဝန်များ ဦးစီးသည်
Since 1996
စံပြဘော်ဒါ နှင့် စာသင်ဝိုင်း

တန့်သတ်လူဦးရေဖြင့် ထိထိရောက်ရောက်သင်ကြားပေးမည်။
မင်္ဂလာဒုံမြို့နယ်အတွင်း ကျောင်းကားစီစဉ်ပေးမည်။
၇၇ (ငုဝါလမ်း)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။
ဖုန်း ၀၉-၅၁၁၅၈၈၅၁၊ ၀၁-၆၃၇၈၀၅၀ ၀၉-၄၂၀၀၈၆၆၅၀

ရာဇဝင်ကျော် [illegible]
ပြည့်လင်း စီစဉ် [illegible]
အချစ်ဂီတအရပ်သို့ မျက်နှာမူ၍ ဝင်သောကမ္ဘာ
လမ်းပြကြယ် ကြိုး
[illegible]

မော်ဒယ်မြင့်ကားများအတွက် ကွန်ပျူတာဘောက်သင်တန်း အမှတ်စဉ် (၁၄)(၁၅)(၁၆) ပုံမှန်တန်းခွဲသစ်များကို မတ်လ ၂၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

အကြိုမိတ်ဆက်နှစ်ရက် (အခမဲ့) သင်တန်းကိုအပတ်စဉ်စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်။ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။
Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

မဟာစည်သာသနာ့ရိပ်သာ
ဟိတေသီအဖွဲ့ စဉ်များ ပေးသွင်းနိုင်ပါပြီ

ဟိတေသီအဖွဲ့မှ မိမိတို့ဆန္ဒအလျောက်လှူဒါန်းရန် ထုတ်ယူထားသော စုဘူးများကို ၁၅-၃-၂၀၁၃ ရက်မှစ၍ ပြန်လည်ပေးအပ်လှူဒါန်းနိုင်ပါသည်။ ထို့ပြင် သင်္ကြန်ယောဂီစာရင်းများကိုလည်း ၁၅-၃-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပါပြီ။

ဟိတေသီအဖွဲ့
မဟာစည်သာသနာ့ရိပ်သာကြီး
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

OD TOUR Since 1997
သင်္ကြန်တွင်း ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
ဗန်မော်၊ ပတ္တမြားလုံး/ရူးမော် Mar 23, Apr 11,12,13
ပေါင်တောင်ကြွက်ကျိုး၊ မကောလောကို Mar 23, Apr 11
အိန္ဒိယ၊ နီပေါ Mar18
စီယက်နမ်၊ ကမ္ဘောဒီးယား Mar 23, Apr 12,13
ကိုရီးယား Mar 23, Apr 11
စင်ကာပူ၊ မလေးရှား Mar 23, Apr 12,13
စင်ကာပူ၊ ဘာလီ Mar 23, Apr 12,13
ကမ္ဘောဒီးယား Apr 12,13
ပုဂံ၊ ပုပ္ပါး၊ ပေနုတ္တူ(သီဟိုဠ်ရှင်)
အလောင်းတော်ကဿပ
မော်လမြိုင်၊ ကျိုက်ထီးရိုး၊ ဘားအံ
အင်းလေး၊ တောင်ကြီး၊ ထန့်ဆမ်း
ပုဂံ၊ ရွှေစက်တော်
ထားဝယ်၊ ရှင်ကိုးရှင်
ပုဂံ၊ မန္တလေး
ပုဂံ၊ တောင်ကြီး
Mar 23/24 Apr 5,10,11 12,13,18
အမှတ်(၅၃)၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187 09-5108087, 09-5187045, 09-73022688

အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ မန္တလေး)
အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁ရက်မှစ၍ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့တွင် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းတက်ရောက်ရန် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၀၁၃-၂၀၁၄ပညာသင်နှစ်တွင် (၈/၉/၁၀)တန်း တက်ရောက်မည့် ကျောင်းသား/သူများသာဖြစ်ရမည်။
- (ဂ) လျှောက်ထားသူများသည် အဋ္ဌမတန်းအတွက် အသက်(၁၃)နှစ်ထက်မငယ်၊ (၁၄)နှစ်ထက်မကျော်လွန်သူများ ဖြစ်ရမည်။
- (ဃ) နဝမတန်းအတွက် အသက်(၁၄)နှစ်ထက်မငယ်(၁၅)နှစ်ထက်မကျော်လွန်သူများ။
- (င) ဒသမတန်းအတွက် အသက်(၁၅)နှစ်ထက်မငယ်(၁၆)နှစ်ထက်မကျော်လွန်သူများ။
- (စ) ကိုယ်ခန္ဓာပြေပြစ်ပြီး အရပ်အမောင်းကောင်းရမည်။
- (ဆ) ကျန်းမာကြံ့ခိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူများသည် အသက်နှင့်ပညာအရည်အချင်းမှန်ကန်မှုအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါရှိရမည်။

၃။ လျှောက်ထားသူများအားလုံး ပညာအရည်အချင်းစစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းနှင့် ဆေးဘက်ဆိုင်ရာ စစ်ဆေးခြင်းများအဆင့်ဆင့်စစ်ဆေးဆောင်ရွက်သွားမည်။

၄။ ပညာအရည်အချင်းစစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်နှင့် ဆေးစစ်အောင်မြင်သူများကို အခြေခံ အားကစားကြံ့ခိုင်မှု စုပေါင်းသင်ကြားလေ့ကျင့်ပြီးနောက် သက်ဆိုင်ရာအားကစားနည်းများအလိုက် ရွေးချယ်သင်ကြားလေ့ကျင့်ပေးသွားမည်။

၅။ သင်တန်းတက်ရောက်ခွင့်ရရှိသော သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နှစ်နှစ်ဆက်တိုက်စာမေးပွဲကျရှုံးပါက ကျောင်းမှထုတ်ပယ်ခြင်းခံရမည်ဖြစ်ပြီး နှစ်စဉ်အတန်းအောင်မြင်ပါက နိုင်ငံတော်မှ အကုန်အကျခံ၍ ဘွဲ့ရရှိသည်အထိ ပညာသင်ကြားပေးမည်ဖြစ်သည့်အပြင် အားကစားဝန်ကြီးဌာနတွင် နည်းစနစ်မှူး(လစာနှုန်းကျပ်-၅၉၀၀၀-၁၀၀၀-၆၄၀၀၀)နှင့် ဦးစီးအရာရှိ(လစာနှုန်းကျပ်-၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀)ရာထူးနေရာများတွင် အားကစားအရည်အချင်းကို မူတည်၍ ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပါသည်။

၆။ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အကျုံးဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ (ရန်ကုန်၊ ပဲခူး၊ တနင်္သာရီ၊ ဧရာဝတီ၊ ကယား၊ ကရင်၊ မွန်နှင့်ရခိုင်ပြည်နယ်)

၇။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)နှင့် အကျုံးဝင်သောတိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ (မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်၊ ချင်းနှင့်ရှမ်းပြည်နယ်)

၈။ လျှောက်ထားသူများသည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများမှတစ်ဆင့် လျှောက်လွှာပုံစံများဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိလိုပါက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၀၁-၄၀၀၀၃၇ (ရုံးချိန်အတွင်း) အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ၀၂-၈၀၉၃၆(ရုံးချိန်အတွင်း)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

★New Star သင်္ကြန် အထူးခရီးစဉ်
★ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မယ်ဆိုင်၊ ချင်းရိုင်၊ ချင်းမိုင်။ ရွှေကြိုရ်(လော) (April-11,12)
★ မော်လမြိုင်၊ ကျိုက်ထီးရိုး၊ ဘားအံ၊ ထားဝယ်(ရှင်ကိုးရှင်)
09 448021580, 09 494032356, 09 5139002

ပန်းခေတ်ရဲ့
အမောင်းတော်ကဿပ (Mar15,22)
ရွှေစက်တော် (Mar15,22)
မန္တလေး (Mar22/Apr12,13)
တောင်ကြီး (Mar22/Apr12,13,17)
ပုဂံ + ရွှေစက်တော် (Apr12,13)
ပုဂံ (Mar22/Apr12,13)
ရွှေဘို (Apr12,13)
09-73098523, 09-49327409, 09-420247006

GL
◆ မန်းရွှေစက်တော် (အပတ်စဉ်သောကြာ)(50000)
◆ မြိတ်မော်တင်စွန်း (Mar 15,22,25) (65000)
09-73040050, 09-73040051, 09-73040052
09-5136466, 09-8636466, 09-73136466

မင်္ဂလာဆောင်ဝတ်စုံ
မင်္ဂလာဈေးပြည်ဘာလ
မင်္ဂလာဈေးချောင်မြည်တာပေ၊ အမှတ်-၂၆၆၊ လမ်း-၄၀(အထက်)၊ ရန်ကုန်။ ဖုန်း-၃၇၇၉၃၂

အထူးကျေးဇူးတင်ရှိခြင်း

မောင်ဇော်ဝင်းနှင့်မသင်းသင်းအေးတို့၏ (၂. ၃. ၂၀၁၃) နေ့ တွင် ရန်ကုန်မြို့ တာမွေမြို့နယ်၊ မှော်ဘွဲ့လမ်း၊ အမှတ်(၁၆) နေအိမ်၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီခဲ့ကြသူများ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

မောင်ဇော်ဝင်း+မသင်းသင်းအေး

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကွန်တော် **မောင်သီဟဝင်း**[၁၂/ဥကမ(နိုင်)၂၀၃၄၈၅]နှင့်
ကွန်မ **မမိမိကျော်မြင့်**[၁၂/ဥကမ(နိုင်)၂၃၈၄၆၅]

တို့သည် ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်(အင်္ဂါနေ့)တွင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဦးသဘောတူလက်ထပ်ပြီးဖြစ်ပါသည်။

မောင်သီဟဝင်း-မမိမိကျော်မြင့်

ကျေးဇူးတင်လွှာ

မိုးသောက်ပန်း အဆင့်မြင့်မူကြို ၁၉နှစ်မြောက်နှစ်ပတ်လည်ပွဲ နှင့် MAC ကိုယ်ပိုင်မူလတန်းကျောင်း ၂နှစ်ပြည့်ပျော်ပွဲရွှင်ပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးသော မိဘအုပ်ထိန်းသူများ ဧည့်သည်တော်များနှင့် ဝန်ထမ်းများ အားလုံးကိုကျေးဇူးတင်ရှိပါကြောင်း နှင့် ဧည့်ခံကျွေးမွေးမှုပိုင်းတွင် လိုအပ်ချက်တစ်စုံတစ်ရာ ရှိခဲ့မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။

မိုးသောက်ပန်း မိသားစု

Dream Paradise
သင်္ကြန်ခရီးစဉ်များ March 22/April 11,12
Special Discount
09420802090, 5973043408

◆ မြန်မာပြည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်းများ
◆ ဧည့်လမ်းညွှန်တို့ သိထားသင့်သည့် ပင်လယ်အဏ္ဏဝါ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော ဆောင်ရန်/ရှောင်ရန်များ
◆ "ထွန်းဇော်အေးရင်းဓာတ်ပုံ" စာအုပ်ဖြစ်သည် ....
တင်သန်းယု (မြန်မာ့ခရီးသွား)
မြန်မာပြည် ပင်လယ်အဏ္ဏဝါအခြေခံခရီးသွားလုပ်ငန်း

◆ ဟိုတယ်များရှားပါးနေချိန်တွင် ဒေသခံရွာများတွင် တည်းခို၍ မြန်မာနိုင်ငံ၏ နဂိုသဘာဝအတိုင်းရှိနေသော တောတောင်ရေမြေ တိရစ္ဆာန်၊ လူနေမှုဓလေ့ထုံးစံနှင့် ဒေသခံတို့၏ဘဝကို အရှိအတိုင်း ပါဝင်ခံစား လေ့လာ .....
သဘာဝအခြေခံခရီးသွား နှင့် ၀၁၅ တင်သန်းယု (ခရီးသွား)
ဖြန့်ချိရေး အမှတ် - ၂၅ ၊ ရွှေနှင်းဆီ (၃) လမ်း ၊ မရမ်းကုန်း။ ဖုန်း - ၀၁ ၆၆၃၁၅၁

ဒေါ်သဲစုထွေး {D.A, D.C.A, CAT (UK)}
LCCI- Computerised Accounting Course
autocount
(တန်းခွဲသစ်များအပ်နှံနိုင်ပါပြီ)
အမှတ်-၁၇၃ (ဒုထပ်/ယာ)၊ လမ်း ၄၀၊
ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၅၄၈၁၊ ၀၉၅၁၈၆၈၅၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ အမှတ်-၂၀-ဒီ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၂၇/ဒီ၊ မြေကွက်အမှတ်(၅အေ/၅)၊ ဧရိယာ(၀. ၁၉၀)ဧကရှိ မြေကွက်ပေါ်တွင် ခတ်လှေကားတစ်စင်းပါဝင်သော တိုက်၏ (၃လွှာ)၊ အခန်းအမှတ်(A-၃၀၂)၊ ပေ(၂၄×၇၀)ရှိ ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာပါဝင်သော တိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးကိုကိုလွင်[၁၂/ဥကတ(နိုင်)၁၁၃၁၉၆]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေများမှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်နှင်းဝေ(ဥပဒေဘွဲ့)	**ဦးသိန်းမြင့် ဝိဇ္ဇာဘွဲ့(ဥပဒေ)၊ ဥပဒေဘွဲ့**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၃၂)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၄၆)**

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၄၂၀၁၁၉၀၄	**ဖုန်း-၀၉-၇၃၀၅၉၉၅၀**

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမင်းသာယာကွန်ဒို၊ အခန်းအမှတ်(၅၀၄)နေ ဒေါ်မိမိစိုး[၅/တမန(နိုင်)၀၃၅၀၃၄]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၉၄၈)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Julia

မှတ်ပုံတင်စာချုပ်အမှတ်-၄/၉၄၈/၂၀၁၃

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားပါ "အမျိုးသမီး/အမျိုးသား ဝတ်တီရှပ်အပါအဝင် အဝတ်အထည်အမျိုးမျိုး၊ ကလေးဝတ်အဝတ်အထည်အမျိုးမျိုး၊ အမျိုးသမီး/အမျိုးသားဝတ်အတွင်းခံအမျိုးမျိုး၊ အားကစားဝတ်စုံ အမျိုးမျိုး၊ လက်ပတ်အမျိုးမျိုး၊ လည်ပတ်အမျိုးမျိုး၊ အမျိုးသား/အမျိုးသမီးဆောင်းဦးထုပ်အမျိုးမျိုး၊ ဂျာကင် အမျိုးမျိုး၊ အနွေးထည်အမျိုးမျိုး၊ အမျိုးသား/အမျိုးသမီးကိုင် လက်ကိုင်အိတ်အမျိုးမျိုး၊ ကျောပိုးအိတ်အမျိုးမျိုး၊ လွယ်အိတ်အမျိုးမျိုးတို့ကို ရန်ကုန်မြို့တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ယင်းပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်း၍ အသုံးပြုသော ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ ပါကင်ထုပ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်၊ ကာတွန်းပုံးများ၊ ကုန်သေတ္တာပုံးများနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးတို့ကိုပြုလုပ်ပြီးလျှင် ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ် ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်အတွင်း နာမည်ကောင်းသတင်းရရှိခဲ့ပြီး ဝယ်ယူအားပေးသူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ၊ ပုံစံဒီဇိုင်းကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအားဖျက်ဆီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဒေါ်မိမိစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)	**ဦးဇေယျာထွန်း**
LL.B, A.G.T.I(EP), D.B.L, D.M.L	**LL.B, WIPO (SWITZERLAND)**
WIPO (SWITZERLAND)	**ဦးစိုးလွင်ဦး**
